The Agribiz News
www.agribiznews.com.mm
ယနေ့ခေတ် စီးပွားသတင်း
e-Paper-0033
၂၀၂၅ ခုနှစ် မေ ၁၅ ရက်

# တိရစ္ဆာန်ဆေးကုသိပ္ပံဒီပလိုမာ တစ်နှစ်သင်တန်းအမှတ်စဉ်(၁) ဒီပလိုမာလက်မှတ်၊ ထူးချွန်ဆုနှင့်အလုပ်ခန့်အပ်လွှာပေးအပ်



နေပြည်တော်၊မေ ၁၂

တိရစ္ဆာန်ဆေးကုသိပ္ပံဒီပလိုမာ(၁)နှစ်သင်တန်း အမှတ်စဉ်(၁)၏ ဒီပလိုမာလက်မှတ်၊ ထူးချွန်ဆုနှင့် အလုပ်ခန့်အပ်လွှာပေးအပ်ပွဲအခမ်းအနားကို မေ ၁၂ ရက်နေ့ နံနက်ပိုင်းက ရေဆင်း စိုက်ပျိုးရေးတက္ကသိုလ် ရာပြည့်ခန်းမ၌ကျင်းပသည်။

အခမ်းအနားတွင် စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင် က နိုင်ငံတော်၏ အသားကဏ္ဍပိုမိုဖွံ့ဖြိုးရေးအတွက် မွေးမြူထုတ်လုပ်ရေးနှင့် တိရစ္ဆာန်ကျန်းမာရေး စောင့်ရှောက်မှုဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ် တိုးမြှင့်ပေးနိုင်စေရန် ယခုသင်တန်းကို ဖွင့်လှစ်ပေးခြင်းဖြစ်ပြီး သင်တန်းပြီးမြောက်အောင်မြင်ခဲ့ကြသည့် သင်တန်းသားသင်တန်းသူအားလုံးကို အလုပ်ခန့်အပ်လွှာများ တစ်ပါတည်းပေးအပ်၍ နိုင်ငံ့တာဝန်များကို ထမ်းဆောင်နိုင်ကြစေရန် စီမံဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း၊

သင်တန်းအမှတ်စဉ်(၁)ဖြစ်၍ ဆက်လက်ဖွင့်လှစ်မည့် သင်တန်းများမှ ပြီးမြောက် အောင်မြင်ပြီး လုပ်ငန်းခွင်ဝင်လာကြမည့်သူများအတွက် စံနမူနာကောင်းပေးနိုင်သူများဖြစ်စေရန်နှင့် စဉ်ဆက်မပြတ်လေ့လာမှုမှ ထူးချွန်ထက်မြက်သူများ အဖြစ် အဆင့်ဆင့်သော လုပ်ငန်းတာဝန်များကို တိုးတက်တာဝန်ယူနိုင်ကြစေရေး ကြိုးပမ်းသွားကြစေလိုကြောင်း၊ အလားတူ နိုင်ငံတော်၏ တည်ဆဲဥပဒေများ၊ နိုင်ငံ့ဝန်ထမ်းဥပဒေ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ကျင့်ဝတ်သိက္ခာပြည့်စုံ ကောင်းမွန်သော နိုင်ငံ့ဝန်ထမ်းကောင်းအဖြစ် တာဝန်ကျရာဒေသများတွင် မိမိတို့ တတ်မြောက်ထားသော တိရစ္ဆာန်ကျန်းမာရေး စောင့်ရှောက်မှု အတတ်ပညာများဖြင့် မွေးမြူသူများ အကျိုး၊ နိုင်ငံတော်

စာ-၃ သို့




တိရစ္ဆာန်ဆေးကုသိပ္ပံဒီပလိုမာ (၁)နှစ် သင်တန်း အမှတ်စဉ်(၁)၌ ပထမရရှိသည့် မမေသဇင်နိုင်အား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က ဆုချီးမြှင့်စဉ်။

ရွှေပြောင်းတောင်ယာစနစ် လျော့နည်းလာရေး.....
စာ-၈

တောင်သူများ၏ အလင်းတံခါးများ....
စာ-၁၆



# ပဲခူးတိုင်းဒေသကြီး၏ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာရေး ကွင်းဆင်းဆောင်ရွက်

နေပြည်တော် မေ ၁၀

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ အောင်ကြီးသည် မေ ၁၀ ရက်နေ့တွင် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းအား တိုင်းဒေသကြီးစိုးရအဖွဲ့ရုံး ဧည့်ခန်းမ၌ သွားရောက်တွေ့ဆုံ၍ နိုင်ငံ့စီးပွား မြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်သည့် နှမ်းစပါး၊ မိုးစပါးစီမံကိန်းနှင့် ဆီထွက်သီးနှံစီမံကိန်းများလုပ်ငန်းများ၊ တိုင်းဒေသကြီးသားငါးကဏ္ဍတိုးတက်ရေး၊ မေထုန်မဲ့ သားစပ်လုပ်ငန်းများဖြင့် နို့စားနွားမွေးမြူရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာရေး ဆောင်ရွက်ရန် ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

အလားတူ ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးသည် မေ ၉ ရက်နေ့က ပဲခူးတိုင်းဒေသကြီး အနောက်ပိုင်းတွင်လည်းကောင်း၊ မေ ၁၀ ရက်နေ့တွင် ပဲခူးတိုင်းဒေသကြီး အရှေ့ပိုင်းတွင်လည်းကောင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုး တိုးတက်ရေး၊ ဘဏ္ဍာနှစ်အလိုက် သီးနှံများလျာထားဧက ပြည့်မီစွာစိုက်ပျိုးနိုင်ရေး၊ သီးထပ်စွမ်းအားမြှင့်တင်နိုင်ရေးနှင့် ပန်းတိုင်အထွက်ရရှိရေး၊ မွေးမြူရေးကဏ္ဍတွင် ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှု ပိုမိုတိုးတက်လာရေး၊ ရာသီဥတုပြောင်းလဲ သက်ရောက်လာမှုနှင့်လိုက်လျောညီထွေသော စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး ဆိုင်ရာများကို သက်ဆိုင်ရာဒေသတာဝန်ရှိသူများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ တောင်သူများနှင့် အနီးကပ်တွေ့ဆုံဆွေးနွေးပြီး လိုအပ်ချက်များ ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

MOALI

---

## ကျောက်ဆည်ဒေသထွက် ဖီးကြမ်းငှက်ပျောများ ရန်ကုန်၊ မန္တလေးနှင့် ပဲခူးသို့ ရောက်ရှိ

ကျောက်ဆည်ဒေသမှ ထွက်ရှိသော မြန်မာ့မျိုးစိတ် ဖီးကြမ်းငှက်ပျောကို ရန်ကုန်၊ မန္တလေးနှင့် ပဲခူးမြို့များသို့ ဖြန့်ဖြူးပေးနေကြောင်း စားသုံးသူရေးရာဦးစီးဌာန (မန္တလေး)မှ သိရှိရသည်။

ကျောက်ဆည်ဒေသသည် မန္တလေးတိုင်းဒေသကြီး၏ လယ်တွင်း ၉ ခရိုင်အနက်မှ တစ် ခုဖြစ်ပြီး စိုက်ပျိုးရေးကို မှီခိုအားထားနေရသော ခရိုင်တစ်ခုဖြစ်သည်။ စပါး၊ ပဲမျိုးစုံ၊ ဆီထွက်သီးနှံ၊ ငရုတ်ပွ၊ သရက်သီးနှင့် ငှက်ပျောတို့ကို ရာသီအလိုက် စိုက်ပျိုးကြသည်။ ငှက်ပျောစိုက်ပျိုးမှုမှာလည်း တစ်ပိုင်တစ်နိုင်စိုက်ပျိုးခြင်းမှ စီးပွားဖြစ်အခြေအနေ တစ်ခုထိ တိုးတက်လာခဲ့သည်။

၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် (ဧပြီမှမတ်လ)အတွင်း ကျောက်ဆည်မြို့နယ်တွင် ငှက်ပျော စိုက်ဧက ၁၂၈၂ ဧကရှိပြီး ယခုအချိန်အထိ ငှက်ပျောရိတ်သိမ်းမှု ၁,၂၆၄ ဧကရှိကြောင်း ခရိုင် မြေစာရင်းဦးစီးဌာန စာရင်းများအရ သိရှိရသည်။

မြန်မာနိုင်ငံတွင် ငှက်ပျောသည် ရာသီမရွေး စိုက်ပျိုးနိုင်သည့်သီးနှံဖြစ်သည်။ ၁ ဧကလျှင် ငှက်ပျောပင် ၈၀၀ ခန့် စိုက်ပျိုးနိုင်သည်။ စိုက်ပြီး ၉ လမှ ၁၀ လအထိ ငှက်ပျောဖူးများ ထွက်လာပြီး ၃ လအကြာတွင် ငှက်ပျောသီးခုတ်သိမ်းမှု စတင်နိုင်ပါသည်။

ဖီးကြမ်းငှက်ပျော အမျိုးအစားကို ကျောက်ဆည်ဒေသတွင် အဓိက စိုက်ပျိုးသည်။ ပျိုးပင်၊ လုပ်အားခနှင့် အခြား သွင်းအားစုစရိတ်များ အပါအဝင် ငွေကျပ် ၁ ဒသမ ၅ သန်းခန့် ကုန်ကျသည်။ ၁ ဧကတွင် ငှက်ပျောခိုင် ၈၀၀ ခန့် ထွက်သည်။

ပွဲစားများသည် ငှက်ပျောသီးဝယ်ရန် ခြံသို့လာရောက်ကြပြီး ရန်ကုန်၊ မန္တလေးနှင့် ပဲခူးမြို့များရှိ ဈေးဆိုင်များသို့ ရောင်းချကြသည်။ ငှက်ပျောပင်တစ်ခုလုံး (အရွက်၊ အညွန့်နှင့် အခွံ) သည် များစွာအသုံးဝင်ပြီး ဒေသခံများ အတွက် အကျိုးအမြတ်များသော လုပ်ငန်းတစ်ခုဖြစ်ကြောင်း သိရှိရသည်။

ဥမ္မာထွန်း

https://www.gnlm.com.mm/kyaukses-pheegyan-bananas-reach-yangon-mandalay-and-bago/



စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များအေးအန္တရာယ်ကင်းရှင်းစေရန်နှင့်
ဈေးကွက်ရရှိစေရန် စိုက်ပျိုးရေးဆိုင်ရာအလေ့အကျင့်ကောင်း၊ ကောင်းမွန်သော
ရေသတ္တဝါ မွေးမြူရေးကျင့်စဉ်၊ ကောင်းမွန်သောတိရစ္ဆာန်မွေးမြူရေးကျင့်စဉ်တို့ကို
လိုက်နာကျင့်သုံးပါ။

# ၂၀၂၅ ခုနှစ် မေ ဒုတိယ ၁၀ ရက်ပတ် စိုက်ပျိုးရေးမိုးလေဝသခန့်မှန်းချက်



## ဘင်္ဂလားပင်လယ်အော်အခြေအနေ

အနောက်တောင်မုတ်သုံလေသည်မေ ၁၂ရက်နေ့မှ၁၄ရက်အတွင်း မြန်မာနိုင်ငံတောင်ပိုင်းဒေသများသို့လည်းကောင်း၊ မေ ၁၅ ရက်မှ ၁၈ ရက်အတွင်း မြစ်ဝကျွန်းပေါ်ဒေသများသို့ လည်းကောင်း၊ မေ ၁၉ ရက်မှ ၂၄ ရက်အတွင်း မြန်မာနိုင်ငံအလယ်ပိုင်းဒေသများသို့လည်းကောင်း အသီးသီး ဝင်ရောက်နိုင်သည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတို့တွင် လေဖိအား နည်းရပ်ဝန်းတစ်ကြိမ်ဖြစ်ပေါ်နိုင်ပြီး ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်။ ယင်းကာလအတွင်း အနောက်တောင်မုတ်သုံလေသည်အားအသင့်အတင့်မှ အားကောင်းနိုင် သည်။ ကပ္ပလီပင်လယ်ပြင်နှင့်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့် အတင့်မှ တိမ်ထူထပ်နိုင်သည်။

## မိုးရွာသွန်းနိုင်မှုအခြေအနေ

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီ တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင်ရွာသွန်းမြဲထက်ပိုနိုင်ပြီး၊ မန္တလေးတိုင်းဒေသကြီးနှင့်စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

## အမြင့်ဆုံးအပူချိန်အခြေအနေ

ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တောင်ပိုင်းတို့တွင် ၇၂ ဒီဂရီ ဖာရင်ဟိုက်မှ ၈၁ ဒီဂရီ ဖာရင်ဟိုက်အတွင်း၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့် မြောက်ပိုင်း)တို့တွင် ၈၂ ဒီဂရီ ဖာရင်ဟိုက်မှ ၉၁ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ဧရာဝတီတိုင်းဒေသကြီး၊တနင်္သာရီတိုင်းဒေသကြီး၊ကရင်ပြည်နယ်နှင့်မွန်ပြည်နယ်တို့တွင် ၉၂ ဒီဂရီဖာရင်ဟိုက်မှ ၁၀၂ ဒီဂရီဖာရင်ဟိုက်အတွင်း အသီးသီးရှိနိုင်သည်။

## အနိမ့်ဆုံးအပူချိန်အခြေအနေ

ချင်းပြည်နယ်တွင် ၄၅ ဒီဂရီ ဖာရင်ဟိုက်ခန့်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင် ပြည်နယ်၊ ကယားပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ၆၁ ဒီဂရီဖာရင်ဟိုက်မှ ၇၁ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် နေပြည်တော်၊ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူး တိုင်းဒေသကြီး၊မကွေးတိုင်းဒေသကြီး၊စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီ တိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည် နယ်တို့တွင် ၇၂ ဒီဂရီဖာရင်ဟိုက်မှ ၈၁ ဒီဂရီဖာရင်ဟိုက်အတွင်း အသီးသီးရှိနိုင်သည်။

## လေထုစိုထိုင်းဆအခြေအနေ

နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ၆၅ ရာခိုင်နှုန်းမှ ၇၅ ရာခိုင်နှုန်းအတွင်းနှင့်ရန်ကုန်တိုင်း ဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့်ရခိုင်ပြည်နယ်တို့တွင် ၇၆ ရာခိုင်နှုန်းမှ ၈၅ ရာခိုင်နှုန်းအတွင်းအသီးသီးရှိနိုင်သည်။

## ပင်ငွေ့ ရေငွေ့ပြန်နှုန်းအခြေအနေ

ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့်ရှမ်းပြည်နယ်တို့တွင် ၃၆ မီလီမီတာမှ ၄၇ မီလီမီတာအတွင်း၊ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်း ဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် ၄၈ မီလီမီတာမှ ၅၉ မီလီမီတာအတွင်း အသီးသီးရှိနိုင်သည်။

## မြေဆီလွှာအောင်းရေအခြေအနေ

ရန်ကုန်တိုင်းဒေသကြီးတွင်(ပြည့်ဝ)အခြေအနေ၊ မကွေးတိုင်းဒေသကြီးတွင်(စိုစွတ်) အခြေအနေနှင့်နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် (ခြောက်သွေ့) အခြေအနေအသီးသီးရှိနိုင်သည်။

**မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန**

Agribiz News www.agribiznews.com.mm သတင်း

**တာဝန်ခံအယ်ဒီတာ**
ထွန်းသက်ပိုင်

**အယ်ဒီတာအဖွဲ့ဝင်များ**
ကျော်သူနိုင်
ကိုရင်အောင်မိုး
ထက်ဝေအောင်(စစ်ကိုင်း)

**ထုတ်ဝေသူ**
ဒေါက်တာအောင်ဇံထွေး
(မြ-၀၀၄၁၀)

**လိပ်စာ**
ရုံးအမှတ်(၄၃)
စိုက်ပျိုးရေး မွေးမြူရေးနှင့်
ဆည်မြောင်း ဝန်ကြီးဌာန
နေပြည်တော်
ဖုန်း ၀၆၇ ၃၄၁၀၁၄၂

မျက်နှာဖုံးမှ-

အကျိုးကို ထိရောက်အောင်မြင်စွာ ကြိုးပမ်းသည်ပိုးသွားကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ထူးချွန်သင်တန်းသား သင်တန်းသူများအား ဂုဏ်ပြုဆုများ ချီးမြှင့်ပေးအပ်ပြီး အလုပ်ခန့်အပ်လွှာများကို မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ပေးအပ်ရာ သက်ဆိုင်ရာသင်တန်းသားကိုယ်စားလှယ်က လက်ခံရယူခဲ့သည်။

နံနက်ပိုင်းတွင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် သင်တန်းကျောင်းအုပ်ကြီးတို့က သင်တန်းသား သင်တန်းသူများအား ဒီပလိုမာလက်မှတ်များ ပေးအပ်ခဲ့ကြသည်။

သိပ္ပံဘွဲ့တစ်ခုခုရရှိပြီးသူများ တက်ရောက်နိုင်သည့် တိရစ္ဆာန်ဆေးကုသိပ္ပံဒီပလိုမာ (၁)နှစ် သင်တန်း၌ တိရစ္ဆာန်ရောဂါကာကွယ်ထိန်းချုပ်ရေးနှင့်တိရစ္ဆာန်ဆေးကုသရေး ပညာရပ်များအပါအဝင် ဘာသာရပ်(၁၅)ခုအား စာတွေ့ ၉ လနှင့် ကွင်းလက်တွေ့ ၃ လ သင်ကြားလေ့ကျင့်ပေးခဲ့ကြောင်း၊ အမှတ်စဉ်(၁)အဖြစ် ဖွင့်လှစ်ခဲ့သည့် ယခုသင်တန်းတွင် သင်တန်းသား၊ သင်တန်းသူ ၆၅ ဦး တက်ရောက်ခဲ့ပြီး အားလုံးကို ဒုတိယလက်ထောက်ဦးစီးမှူးရာထူးဖြင့် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၌ ခန့်အပ် တာဝန်ပေးအပ်ခဲ့ကြောင်းသိရသည်။

အဆိုပါအခမ်းအနားသို့ ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ ၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန တာဝန်ရှိသူများ၊ သင်တန်းကျောင်းအုပ်ကြီးနှင့် ဆရာဆရာမများ၊ သင်တန်းသားသင်တန်းသူများတက်ရောက်ခဲ့ကြကြောင်း သတင်း ရရှိသည်။

MOALI

# ပီလောပီနံမှ စားသောက်ကုန်ချောထုတ်လုပ်မှုသရုပ်ပြ

နေပြည်တော် မေ ၁၂

**ပီလောပီနံမှ စားသောက်ကုန်ချောထုတ်လုပ်မှုသုတေသနပြု စမ်းသပ်ခြင်းကို မေ ၁၂ ရက်နေ့ နံနက်ပိုင်းက စိုက်ပျိုးရေးဦးစီးဌာန ရိတ်သိမ်းချိန်လွန် အင်ဂျင်နီယာ ဓာတ်ခွဲခန်း(ရေဆင်း)တွင် ကျင်းပပြုလုပ်သည်။**

အဆိုပါ စမ်းသပ်သုတေသနပြုရာတွင် စိုက်ပျိုးရေးမွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ် က တက်ရောက်ဆွေးနွေးပြောကြားရာ၌ ရာသီဥတုပြောင်းလဲခြင်းနှင့် သဘာဝဘေးအန္တရာယ်တို့နှင့် ကြုံတွေ့ရချိန်တွင် ဆန်အပြင် မိမိဒေသတွင်း ရရှိနိုင်သည့် သီးနှံ၊ ဟင်းသီးဟင်းရွက်နှင့် မြစ်စားသီးနှံများ ကစီဓာတ် ကြွယ်ဝသော သီးနှံများကို ပုံစံမျိုးစုံဖြင့် စားသုံးတတ်ရန် ပညာပေးစီမံဆောင်ရွက်ပေးခြင်းဖြင့် စားရေရိက္ခာဖူလုံရေး စီမံဆောင်ရွက်နိုင်ရန်လိုအပ်ကြောင်း၊ သို့ဖြစ်၍ ဖူဖူ ခေါ် အာဖရိက နိုင်ငံများတွင် စားသုံးသည့် ပီလောပီနံအခြေခံ စားသောက်ဖွယ် ပြုလုပ်သုံးစွဲမှု နှင့် လိုအပ်သလိုမြန်မာမှုပြုနိုင်ရန် စမ်းသပ်ချက်ပြုလုပ်စေခြင်းဖြစ်ကြောင်း၊ အလားတူ မိမိတို့ နိုင်ငံရှိ တိုင်းရင်းသားရိုးရာအစားအစာများကိုလည်း ပြန်လည်ဖော်ထုတ်ထိန်းသိမ်းပြီး ဒေသစားသုံးမှုပုံစံ၊ စားသုံးမှုစနစ်များကို မှတ်တမ်းတင်ထားရမည်ဖြစ်ကြောင်း၊ ဆန်တို့ဟူး၊ ဝတုံ၊ ဆီတိုဟူး၊ ဟင်းပေါင်း၊ ကယားဝက်အူချောင်း အစရှိသည့် ဒေသအလိုက်အစားအစာ များကို ဆန်းသစ် တီထွင်ခြင်းများဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ စိုက်ပျိုးရေးထုတ်ကုန်များအား တန်ဖိုးမြှင့်ထုတ်ကုန်များအဖြစ် ထုတ်လုပ်နိုင်ပါက အသေးစား၊ အငယ်စား နှင့် အလတ်စား MSMEs ကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးရေးကိုပါ အထောက်အကူပြုစေမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ဆက်လက်၍တာဝန်ရှိသူများက ပီလောပီနံမှ ဖူဖူ အပြင် အခြားစားသောက်ကုန် ပစ္စည်းများ ပြုလုပ်ပုံအဆင့်ဆင့် နှင့် ပြည်တွင်း ပြည်ပမှ စားသုံးသူများ၏ စားသုံးမှုပုံစံ အမျိုးမျိုးကိုလည်းကောင်း၊ အာလူးအစားထိုး ပီလောပီနံစမူဆာ၊ ပီလောပီနံ ခေါ်ပုပ်များ စမ်းသပ်ဆောင်ရွက်ထားရှိမှုကိုလည်းကောင်း ရှင်းလင်းပြသကြရာ ဒုတိယဝန်ကြီးက ဖြည့်စွက်ဆွေးနွေးပြီး ပီလောပီနံအခြေခံ စားသောက် ဖွယ်ရာများ ထုတ်လုပ်သည့် နည်းပညာ၊ ဗဟုသုတများကို ပြည်သူလူထုအတွင်း ကျယ်ကျယ်ပြန့်ပြန့်မျှဝေပေးကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**MOALI**



# ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် မြန်မာပြောင်း တန်ချိန် ၂ သန်းကျော် တင်ပို့နိုင်

၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် မြန်မာ ပြောင်းတန်ချိန် ၂ သန်းကျော် တင်ပို့နိုင်

၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် မြန်မာနိုင်ငံမှ ပြည်ပနိုင်ငံများသို့ ပြောင်းတန်ချိန် ၂ သန်းကျော် တင်ပို့နိုင်ခဲ့ကြောင်း မြန်မာနိုင်ငံ ပြောင်းလုပ်ငန်းအသင်း၏ အဆိုအရသိရှိရပါသည်။ ထိုင်းနိုင်ငံသည် မြန်မာ့ပြောင်း အဓိကတင်သွင်းသည့်နိုင်ငံဖြစ်ပြီး တရုတ်နိုင်ငံ၊ အိန္ဒိယ၊ ဖိလစ်ပိုင်နှင့် ဘင်္ဂလားဒေ့ရှ် နိုင်ငံများသို့လည်း တင်ပို့လျက်ရှိသည်။



လက်ရှိတွင် မြန်မာ့ပြောင်းများသည် အကောက်ခွန်မဲ့ အကျိုးခံစားခွင့်ဖြင့် ထိုင်းနိုင်ငံ အတွင်းသို့ စီးဝင်လျက်ရှိသည်။ ထိုင်းနိုင်ငံသည် ဖေဖော်ဝါရီ ၁ ရက်မှ ဩဂုတ် ၃၁ အတွင်း အကောက်ခွန်မဲ့ (Form-D) ဖြင့် ပြောင်းတင်သွင်းမှုအတွက် ခွင့်ပြုထားသည်။ သို့သော် ထိုင်းနိုင်ငံ၏ ပြောင်းရာသီတွင် ပြောင်းတင်သွင်းပါက စိုက်ပျိုးသူများ၏ အခွင့်အရေးကို ကာကွယ်ရန်အတွက် ပြောင်းတင်သွင်းမှုအပေါ် အမြင့်ဆုံးအခွန် ၇၃ ရာခိုင်နှုန်း ချမှတ်ထားသည်။

ထို့အပြင် တရုတ်နိုင်ငံသည် အစားထိုးဖွံ့ဖြိုးရေးအစီအစဉ်အရ နယ်စပ်ဖြတ်ကျော် ကုန်သွယ်မှုမှတစ်ဆင့် မြန်မာနိုင်ငံမှ ပြောင်းကို ဝယ်ယူလျက်ရှိသည်။ မြန်မာနှင့် တရုတ်နိုင်ငံကြား တရားဝင်ပြောင်းကုန်သွယ်ခြင်းကို ၂၀၂၂ ခုနှစ် နှစ်ကုန်ပိုင်းတွင် စတင်ခဲ့သည်။ မြန်မာနိုင်ငံမှ ကုမ္ပဏီပေါင်း ၁၁၂ ခုကို ပြောင်းတင်ပို့ရန် ခွင့်ပြုထားသည်။

မြန်မာနိုင်ငံသည် ၁ နှစ်လျှင် ပြောင်းတန်ချိန် ၂ သန်းကျော် ပြည်ပကုန်သွယ်မှု မိတ်ဖက် များသို့ တင်ပို့လျက်ရှိသည်။ ပြောင်း ကို ရှမ်းပြည်နယ်၊ ကချင်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မန္တလေးတိုင်း၊ စစ်ကိုင်းနှင့် မကွေးတိုင်း ဒေသကြီးတို့တွင် စိုက်ပျိုးသည်။ မြန်မာနိုင်ငံတွင် ဆောင်း၊ နွေရာသီနှင့် မုတ်သုံရာသီ သုံးမျိုးတွင် ပြောင်းစိုက်ပျိုးကြသည်။ မြန်မာနိုင်ငံတွင် နှစ်စဉ်ပြောင်း အထွက်နှုန်းမှာ တန်ချိန် ၂ ဒသမ ၅ သန်းမှ ၃ သန်းအထိ ရှိကြောင်း သိရှိရသည်။

**အေးအေးခိုင်**

https://www.gnlm.com.mm/myanmar-exports-over-2m-tonnes-of-maize-in-fy2024-25/




# ပြင်ဦးလွင်မြို့နယ်အတွင်း ရေဖူလုံမှုရှိစေရေးအတွက် ရေအရင်းအမြစ်များ စူးစမ်းလေ့လာ

နေပြည်တော် မေ ၉

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင် သည် မေ ၇ ရက်နေ့ ညနေပိုင်းတွင် ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်နှင့်အတူ မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ တိုင်းဒေသကြီးနှင့် ခရိုင် အဆင့်တာဝန်ရှိသူများအားတွေ့ဆုံ၍ ပြင်ဦးလွင်မြို့နယ်အတွင်း သောက်သုံးရေ၊ စိုက်ပျိုးရေ ဖူလုံမှုရှိစေရေး ကွင်းဆင်း စူးစမ်း လေ့လာဆောင်ရွက်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းဆိုင်ရာများကို ညှိနှိုင်းဆွေးနွေးကြသည်။

အဆိုပါညှိနှိုင်းဆွေးနွေးချက်များအရ မေ ၈ ရက်နေ့ နှင့် ၉ ရက်နေ့ များတွင် ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင် သည် ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော် နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရေအရင်းမြစ်များ စူးစမ်းလေ့လာရေးအဖွဲ့များနှင့်အတူ ရေရရှိရေး ဆောင်ရွက်မည့် အဆိုပြုနေရာများ ၊ ရေပိုမိုပေးဝေနိုင်ရေး အတွက် ဖြစ်မြောက်နိုင်စွမ်း ရှိသည့် ရေအရင်းအမြစ်နေရာများ ၊ လက်ရှိအသုံးပြုလျက်ရှိသော ဆည်တမံများ၏ ကြံ့ခိုင်မှု ၊ ရေသိုလှောင်ထားရှိမှု ၊ မြို့သောက်သုံးရေပေးဝေနေမှု ၊ ရေဝေရေလဲ ဧရိယာများ၏ အခြေအနေတို့ကို ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြသည်။

ကွင်းဆင်းလေ့လာချက်များအရ ပြည်ထောင်စုဝန်ကြီး နှင့်အဖွဲ့ဝင်များသည် ပြင်ဦးလွင်မြို့နယ်အတွင်း သောက်သုံးရေ ၊ စိုက်ပျိုး မွေးမြူရေးနှင့် စက်မှုလုပ်ငန်းသုံး ရေရရှိရေး တို့ကို ဆောင်ရွက်နိုင်မည့်နည်းလမ်းများအား အနာဂတ်ကာလ ရေလိုအပ်ချက် များနှင့် ပေါင်းစပ်ဖော်ထုတ်ခဲ့ကြသည်။

ကျေးရွာအုပ်စု ၃၇ အုပ်စု၊ ရပ်ကွက်ကြီး ၂၁ ခုရှိသည့် ပြင်ဦးလွင်မြို့နယ်၌ တည်ဆောက်ပြီး ဆည်တမံများဖြစ်သည့် ဆင်လမ်းတမံ၊ ဒိုးကွင်တမံ၊ စည်သာတမံ နှင့် စည်သာရေကူတမံ တို့မှ မြို့ပြရပ်ကွက်ကြီး ၁၂ ခု နှင့် ပြင်ဦးလွင်တပ်နယ် အပါအဝင် ဌာနဆိုင်ရာများသို့ တစ်ရက်လျှင် သောက်သုံးရေဂါလန် ၆ ဒသမ ၂ သိန်း နေ့စဉ်ပေး ဝေလျက် ရှိသကဲ့သို့ ဂဲလောင်ချောင်း နှင့် သဖြိုက်ချောင်းများပေါ်ရှိ ကျေးရွာရေလွှဲ ဆည်ငယ်များမှလည်း စိုက်ပျိုးရေ ပေးဝေလျက်ရှိကြောင်း၊ ပြင်ဦးလွင်မြို့နယ်၌ နေထိုင်သူလူဦးရေ နှစ်စဉ်တိုးတက်လာလျက်ရှိရာ နှစ်အလိုက် ထပ်မံလိုအပ်လာနိုင်သည့် သောက်သုံးရေနှင့် စိုက်ပျိုးရေ ဖူလုံမှုရှိစေရေးအတွက် စီမံဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

MOALI

---

စာ-၁၁ မှ

အမေရိကန်ဒေါ်လာသန်းပေါင်း ၃၃၆ ဒသမ ၈ ကျော် (၂၀၁၉-၂၀ ဘဏ္ဍာရေးနှစ်)(၂) စသည့် မှတ်တမ်းများတွေ့ရှိရပါသည်။

နိုင်ငံတကာကဲ့သို့ နိုင်ငံတော်နိုင်ငံခြားဝင်ငွေ (FE – Foreign Exchange) ပိုမိုရရှိစေရန် မွေးမြူရေးသိပ္ပံပညာ သုတေသနနှင့်ဖွံ့ဖြိုးတိုးတက်ရေး (Research & Development in Animal Science) ၏အခန်းကဏ္ဍကို ယခုထက်ပို၍ မြန်မာနိုင်ငံတက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံများတွင် သင်ကြား၊သုတေသနပြုပညာရှင်များမွေးထုတ်သင့်ပါကြောင်းအကြံပြုတင်ပြလိုက်ရပါသည်။

ဒေါက်တာမျိုးကြွယ်

မှီငြမ်းစာတမ်းများ
https://www.moi.gov.mm/moi:eng/news/14683(၁)
https://apps.fas.usda.gov/newgainapi/api/Report/DownloadReportByFileName?fileName=Exporter_Guide_Annual_Rangoon_Burma_-_Union_of_BM2024-0010.pdf(၂)

(ဆက်လက်ဖော်ပြပါမည်)

# အိန္ဒိယနိုင်ငံတွင် အပူချိန်မြင့်တက်မှုကြောင့် သရက်သီးခူးဆွတ်မှု အပြောင်းအလဲဖြစ်

“သရက်သီး ခူးဆွတ်မှုကျဆင်းလာခြင်း၊ သရက်သီး အချိုအရသာ မတည်ငြိမ်ခြင်း၊ ဈေးနှုန်းမြင့်မားခြင်း၊ ဈေးကွက်တင်ပို့မှု ရာသီချိန်ထက်စောလွန်းခြင်း၊ သရက်သီးသနပ်များ တစ်နှစ်ပတ်လုံး ကြာရှည်မခံခြင်း၊ ပန်းပွင့်ချိန်စောလွန်းခြင်း” စသည်တို့သည် မကြာသေးမီနှစ်များအတွင်း ဖြစ်ပေါ်လာသော အိန္ဒိယနိုင်ငံ၏ သရက်သီးဆိုင်ရာအချက်များဖြစ်ပြီး ၎င်းတို့သည် အပူချိန် မြင့်မားလာမှုနှင့် ဆက်စပ်သည့် ပြဿနာများ ဖြစ်လာပါသည်။

အိန္ဒိယမိုးလေဝသဌာန (IMD) ၏ ဖော်ပြချက်အရ ၂၀၂၄ ခုနှစ်၊ နှစ်ပတ်လည် ရာသီဥတု စစ်တမ်းအရ ၁၉၉၁-၂၀၂၀ ပျမ်းမျှထက် အပူချိန် +သုညဒသမ ၆၅°C မြင့်တက်လာပြီး၊ ၂၀၂၄ ခုနှစ်သည် ၁၉၀၁ ခုနှစ်နောက်ပိုင်း အပူဆုံးနှစ်ဖြစ်ကြောင်း သိရှိရသည်။ IMD ၏ အချက်အလက်များအရ လွန်ခဲ့သည့် ၁၂ နှစ်က ပိုမိုပူလာခဲ့ပြီး ယခင်က အပူအချိန် အပြောင်းအလဲပမာဏနှင့် များစွာကွဲလွဲမှု ရှိကြောင်း တွေ့ရှိရသည်။

မျက်မြင်တွေ့ရှိချက်များအရ သရက်စိုက်ပျိုးထုတ်လုပ်မှုအပေါ် ရာသီဥတု၏ သက်ရောက်မှုကို ညွှန်ပြနေသော်လည်း အိန္ဒိယနိုင်ငံ၏ ဥယျာဉ်ခြံ၊ ဟင်းသီးဟင်းရွက်ဌာနခွဲမှ အချက်အလက် ကိန်းဂဏန်း အပြောင်းအလဲများကိုဖော်ပြခဲ့သည်။ ၂၀၀၁-၀၂ နှင့် ၂၀၂၄-၂၅ ခုနှစ်အကြား ထုတ်လုပ်မှုစွမ်းအားသည် ၂၀၀၈-၀၉ ခုနှစ်တွင် ၅ ဒသမ ၅ မက်ထရစ်တန်/ဟက်တာမှ



၂၀၁၇-၁၈ ခုနှစ်တွင် ၉ ဒသမ ၇ မက်ထရစ်တန်/ဟက်တာ ရှိပြီး ပျမ်းမျှအားဖြင့် ၇ ဒသမ ၉ မက်ထရစ်တန်/ဟက်တာ ရှိပါသည်။ ၂၀၂၄-၂၅ ခုနှစ်တွင် တရုတ်နိုင်ငံ၏ ၈ ဒသမ ၇၄ မက်ထရစ်တန်/ဟက်တာနှင့် ထိုင်းနိုင်ငံ၏ ၈ ဒသမ ၃၆ မက်ထရစ်တန်/ဟက်တာကို ကျော်လွန်ပြီး ၉ ဒသမ ၄ မက်ထရစ်တန်/ဟက်တာ ရောက်ရှိရန် မျှော်မှန်းထားသည်။

စိုက်ပျိုးရေးတက္ကသိုလ်၊ စိုက်ပျိုးရေးဆိုင်ရာ ဈေးကွက်ပညာဗဟိုဌာနမှ ပါမောက္ခ Jayashankar Telangana က သရက်သီးစိုက်ပျိုးမှုတိုးတက်လာကြောင်း ဖော်ပြထားသည်။ ၂၀၂၃-၂၄ ခုနှစ်တွင် စိုက်ဧရိယာ ၂ ဒသမ ၃၄ ရာခိုင်နှုန်း တိုးတက်လာရာ ဟက်တာအားဖြင့် ၂ ဒသမ ၄၀၁ သန်းရှိပြီး၊ ထုတ်လုပ်မှုအားဖြင့် တန်ချိန် ၂၂ ဒသမ ၄၂ သန်းရှိကြောင်း၊ ယခင်နှစ်နှင့်နှိုင်းယှဉ်ပါက စိုက်ပျိုးဟက်တာ အားဖြင့် ၂ ဒသမ ၃၄၆ သန်းရှိခဲ့ပြီး၊ ထုတ်လုပ်မှုအားဖြင့် တန်ချိန် (၂၀ ဒသမ ၈၇ သန်းရှိခဲ့ပါသည်။

မြင့်မားလာသောအပူချိန်ကြောင့် ပတ်ဝန်းကျင်ဆိုင်ရာအပြောင်းလဲကို လေ့လာနေကြဆဲဖြစ်ကြောင်း၊ “အပူချိန်မြင့်မားမှုကြောင့် သီးကင်းကြွေကျခြင်း၊ စောစီးစွာရင့်မှည့်ခြင်း၊ နေရောင်ခြည်ကြောင့် အသီးအရောင်မညီခြင်းနှင့် ရင့်မှည့်မှုမညီညာခြင်းတို့ဖြစ်ကြောင်းနှင့် Alphonso သရက်မျိုးတွင် သရက်သီးအတွင်းသားများ ဖော့သားကဲ့သို့ဖြစ်ပေါ်ခြင်းတို့ကို တွေ့မြင်နိုင်ကြောင်း” ကို Hyderabad ရှိ ဥယျာဉ်ခြံသီးနှံကောလိပ်မှ Naga Harshita Devalla မှ ရှင်းလင်းဖော်ပြ ထားပါသည်။

Rajdeep Haldar ဦးဆောင်သော အိန္ဒိယ သုတေသနပညာရှင်များသည် ရာသီဥတုပြောင်းလဲမှုကို ခံနိုင်ရည်ရှိရန်အတွက် သရက်သီးထုတ်လုပ်မှုတွင် မျိုးရိုးဗီဇကွဲပြားမှုကို အလေးထား ဖော်ပြထားပါသည်။ “သရက်သီးတွင် ပတ်ဝန်းကျင်နှင့် ချိန်ညှိပြီး ရှင်သန်နိုင်သော ဇီဝကမ္မဖြစ်စဉ် များပါရှိကြောင်း” Rajdeep Haldar ဦးဆောင်သော အိန္ဒိယသုတေသနပညာရှင်များက ၎င်းတို့၏ သုတေသနတွင်ဖော်ပြထားကြောင်း သိရှိရသည်။

**လင်းလဲ့ရည်အောင်**

https://www.freshplaza.com/asia/article/9727703/india-s-mango-harvest-shifts-as-temperatures-rise/

# ဘင်္ဂလားဒေ့ရှ်တွင် ကြက်သွန်နီများ လှိုင်လှိုင်ထွက်ရှိချိန် ဖြစ်သော်လည်း ဈေးနှုန်းများ မြင့်တက်နေ

ယခုအခါ ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ မီးဖိုချောင်အတွက် မရှိမဖြစ်လိုအပ်သော ဆန်၊ ပဲပုပ်ဆီနှင့် ဟင်းသီးဟင်းရွက်များနှင့်အတူ ကြက်သွန်နီများ လှိုင်လှိုင်ထွက်ရှိနေသည့် အချိန်ဖြစ်သော်လည်း ဈေးနှုန်းမြင့်တက်လာကြောင်း သိရသည်။

ဒါကာမြို့၏ စားဖိုချောင်ဈေးကွက်တွင် ပြည်တွင်းထွက် ကြက်သွန်နီများသည် လွန်ခဲ့သည့် တစ်ပတ်ကထက် အမေရိကန်ဒေါ်လာ သုညဒသမ ၅၀ မှ သုညဒသမ ၅၅ အထိ မြင့်တက်ခဲ့ပြီး တစ်ကီလိုဂရမ်လျှင် အမေရိကန်ဒေါ်လာ သုညဒသမ ၆၄ ဝန်းကျင်ဖြင့်ရောင်းချနေသည်။



ဘင်္ဂလားဒေ့ရှ်ကုန်သွယ်မှုကော်ပိုရေးရှင်း (TCB)မှ အချက်အလက်များအရ မြို့တော်ရှိ လက်လီဈေးနှုန်းများသည် တစ်ကီလိုဂရမ်လျှင် အမေရိကန်ဒေါ်လာ သုညဒသမ ၃၆ မှ သုညဒသမ ၅၉ အကြားရှိကာ အစောပိုင်းလနှင့် နှိုင်းယှဉ်ပါက ၂၃ ဒသမ ၅ ရာခိုင်နှုန်း တိုးလာကြောင်း ညွှန်ပြနေသည်။

TCB ၏ အချက်အလက်များအရ လွန်ခဲ့သော တစ်ပတ်က ဈေးနှုန်းများသည် တစ်ကီလို ဂရမ်လျှင် အမေရိကန်ဒေါ်လာ (သုညဒသမ ၃၆-သုညဒသမ၅၀)ကြားရှိခဲ့သည်။

Pabna နှင့် Faridpur ကဲ့သို့သော ကြက်သွန်နီအဓိကစိုက်ပျိုးသည့် ခရိုင်များမှ တောင်သူများနှင့်အတူ ဒါကာရှိ လက်လီရောင်းချသူများနှင့် လက်ကားရောင်းချသူများက လွန်ခဲ့သည့် သုံးပတ်ခန့်အထိ စိုက်ကွင်းများမှ ကြက်သွန်နီများကို တိုက်ရိုက်ရောင်းချနေဆဲဖြစ်ကြောင်း အစီရင်ခံ ခဲ့သည်။

သို့သော်လည်း ယခုအခါ သီးနှံများအားလုံး ရိတ်သိမ်းပြီးဖြစ်၍ အရည်အသွေးမြင့်သော ထွက်ကုန်များကို သိုလှောင်သိမ်းဆည်းလျက်ရှိသည်။

အစောပိုင်းတွင် တောင်သူအများအပြားသည် စိုက်ပျိုးစရိတ်များ ပြန်လည်ကာမိစေရန်အတွက် ကြက်သွန်နီများကို ဈေးကွက်သို့ အလျှင်အမြန်တင်ပို့ခဲ့ကြပြီး ခေတ္တအားဖြင့် ရောင်းလိုအား များလာခဲ့ကာ ဈေးနှုန်းများ လျော့ကျခဲ့သည်။

ယခုအခါ တောင်သူများသည် သီးနှံအားလုံးရိတ်သိမ်းပြီးသောအခါ အရည်အသွေးမြင့် ကြက်သွန်နီများကို အချိန်ကြာရှည်စွာ သိုလှောင်ထားခြင်းဖြင့် ရောင်းချချိန်ကို ပိုမိုလွယ်ကူချောမွေ့ စေသည်။

ပြည်တွင်းစိုက်ပျိုးသူများ မျှတသော ဈေးနှုန်းရရှိစေရန်အတွက် အစိုးရက ကြက်သွန်နီ တင်သွင်းမှုကို မတ်လမှစတင်၍ ရပ်ဆိုင်းထားကြောင်း စိုက်ပျိုးပညာပေးရေးဦးစီးဌာန ညွှန်ကြားရေးမှူး Md Abdur Rahim က မှတ်ချက်ပြုပြောကြားသည်။

ကြက်သွန်နီကို ဒီဇင်ဘာလတွင် စိုက်ပျိုးကြပြီး မတ်လ သို့မဟုတ် ဧပြီလဝန်းကျင်တွင် ဈေးကွက်သို့ ရောက်ရှိကြသည်။

အစောပိုင်းတွင် လယ်သမားများက ဈေးကွက်ပေါက်ဈေးသည် ထုတ်လုပ်မှုစရိတ်အောက် ကျဆင်းသွားခြင်း

စာ-၇ သို့



# မော်ရိုကို လိမ္မော်သီးများ ဂျပန်ဈေးကွက်သို့ ရောက်ရှိ

ဂျပန်နိုင်ငံသို့ ပထမဆုံး တင်ပို့ခဲ့သည့် မော်ရိုကို လိမ္မော်သီး ကွန်တိန်နာ တရားဝင် ဖယ်ရှားခံ ခဲ့ရပြီး နောက်ပိုင်းမှ မော်ရိုကိုနိုင်ငံသည် အရည်အသွေးနှင့် ခြေရာခံနိုင်မှုအရ ကမ္ဘာ့ဈေးကွက် ဝယ်လိုအားအများဆုံးထဲမှ တစ်ခုအဖြစ် ယူဆောင်လာနိုင်ခဲ့ကြောင်း Morocco Foodex မှ ကြာသပတေးနေ့တွင် ထုတ်ပြန်ကြေညာခဲ့သည်။

ဤအောင်မြင်မှုသည် "မော်ရိုကို လယ်ယာထွက်ကုန်များ၏ ယှဉ်ပြိုင်နိုင်စွမ်းနှင့် နိုင်ငံတကာ အသိအမှတ်ပြု အသိပညာအတတ်ပညာတစ်ရပ်ကို ဖော်ထုတ်ပြသလျက်ရှိသည်" ဟု မော်ရိုကို၏ စိုက်ပျိုးရေးနှင့် ပင်လယ်ရေကြောင်းတင်ပို့မှု မြှင့်တင်ရေးနှင့် ထိန်းချုပ်ရေး အေဂျင်စီက ပြောကြားခဲ့သည်။

ဂျပန်နိုင်ငံသည် မော်ရိုကို၏ စိုက်ပျိုးရေးထွက်ကုန်များအတွက် ၁၃ ခုမြောက်အကြီးဆုံး ဈေးကွက်ဖြစ်ပြီး ၎င်း၏ တင်းကျပ်သော လိုအပ်ချက်များကြောင့် လူသိများကြောင်း အေဂျင်စီက ပြောကြားခဲ့သည်။ မော်ရိုကို လိမ္မော်သီးများ အထူးသဖြင့် တန်ဖိုးမြင့်မားသည့် Nadorcott မျိုးကို လက်ခံလိုက်ခြင်းကြောင့် ဤထုတ်ကုန်များသည် ပိုးမွှားရောဂါ ကင်းရှင်းရေးဆိုင်ရာ စံနှုန်းများနှင့် စံချိန်ကိုက်ညီကြောင်း၊ ဈေးကွက် နှစ်သက်မှုအရ ပြည်ပသို့ တင်ပို့သည့် မျိုးကွဲများ ကွဲပြားစေရန် လမ်းဖွင့်ပေးကြောင်း သက်သေပြနေပါသည် ဟု ၎င်းက ပြောကြားခဲ့သည်။

"ဂျပန်စားသုံးသူများ၏ ကြိုက်နှစ်သက်မှုကြောင့် မော်ရိုကို လိမ္မော်သီးကို လိုချင်တာပါ" ဟု ဂျပန် တင်သွင်းသူ Yoichi Fukuda က မော်ရိုကို အရည်အသွေးတွင် ဂျပန်စားသုံးသူများ စိတ်ဝင်စားမှု တိုးပွားလာကြောင်း မီးမောင်းထိုးပြခဲ့ပါသည်။

လတ်ဆတ်မှုနှင့် ရာသီအလိုက် စားသုံးမှုအပေါ် အာရုံစိုက်သည့် အစားအသောက် ယဉ်ကျေးမှု ဓလေ့တစ်ခုကြောင့် ဂျပန်လူမျိုးများသည် သစ်သီးများစားသုံးမှု မြင့်မားလျက်ရှိကြောင်း၊ ၎င်းသည် မော်ရိုကိုလိမ္မော်သီးအတွက် အရေးကြီးသော ထွက်ပေါက်တစ်ခု ဖြစ်လာစေကြောင်း ပြောကြားသည်။

ဂျပန်လူမျိုးများသည် မော်ရိုကို လိမ္မော်သီး၏ ကောင်းမွန်သည့် ပုံရိပ်ကို လက်ခံထားပါကြောင်း၊ မော်ရိုကို လိမ္မော်သီးဈေးကွက် ဂျပန်နိုင်ငံမှာ အောင်မြင်ပြီး ဖွံ့ဖြိုးတိုးတက်ပါစေဟု ဆုတောင်းပါကြောင်း၊ ဂျပန် သွင်းကုန် ကုမ္ပဏီတစ်ခုမှ ဝယ်ယူသည့် မန်နေဂျာ Kento Takegami က ပြောကြားသည်။

ဤတိုးတက်မှုကို အားဖြည့်ရန် အတွက် Morocco Foodex သည် ဧပြီလတွင် ဂျပန်နိုင်ငံသို့ မော်ရိုကို တင်ပို့သူ ၁၀ ဦး၏ ကိုယ်စားလှယ်အဖွဲ့နှင့်အတူ လိုက်ပါသွားမည်ဖြစ်သည်။

ရည်ရွယ်ချက်မှာ အဓိက တင်သွင်းသူများနှင့် ရေရှည်တည်တံ့သော ပူးပေါင်းဆောင်ရွက်မှုများ ထူထောင်ရန်နှင့် BtoB အစည်းအဝေးများ၊ တိုကျိုဈေးကွက်သို့ သွားရောက်ခြင်းနှင့် ဆက်သွယ်ရေး လုပ်ရှားမှုများမှတစ်ဆင့် မော်ရိုကို ကမ်းလှမ်းချက်ကို လူသိရှင်ကြား ထုတ်ပြန်ရန်ဖြစ်ကြောင်း သိရှိရသည်။

**အေးအေးခိုင်**

https://www.freshplaza.com/north-america/article/9725569/moroccan-citrus-fruits-land-on-the-japanese-market/

# ဆန်လုံလောက်စွာ ဝယ်ယူရရှိရေး ဆောင်ရွက်လျက် ရှိသော်လည်း ဂျပန်တွင် ဆန်ဈေးနှုန်းများ ဆက်လက် မြင့်တက်နေ

ဂျပန်အစိုးရအနေဖြင့် ပြည်တွင်း ဆန်ဈေးနှုန်းတည်ငြိမ်စေရေးအတွက် နိုင်ငံ့အရန်ဆန်များကို ထုတ်ရောင်းပေးခဲ့သော်လည်း ဆန်ဈေးနှုန်းမှာ ၅ ကီလိုဂရမ် ၁ အိတ်လျှင် ပျမ်းမျှအားဖြင့် ၄,၂၃၃ ယန်း (အမေရိကန်ဒေါ်လာ ၃၀) အထိ မြင့်တက်ခဲ့ကြောင်းနှင့်ယခင်နှစ် အလားတူကာလ နှင့်နှိုင်းယှဉ်ပါက ၂ ဆကျော် မြင့်တက်ခဲ့ကြောင်း ၇-၅-၂၀၂၅ ရက်နေ့တွင် ဂျပန်အစိုးရက ထုတ်ပြန်ခဲ့ကြောင်း ၇-၅-၂၀၂၅ ရက်နေ့ထုတ် The Mainichi သတင်းစာတွင် ဖော်ပြပါရှိသည်။

အဆိုပါ သတင်းတွင် ဂျပန် ဝန်ကြီးချုပ် ရှီဂဲရု အီရှီဘာအနေဖြင့် ဆန်ဈေးနှုန်းမြင့်တက်မှုကြောင့် ဖြစ်ပေါ်လာသည့် ဆိုးကျိုးသက်ရောက်မှုများကို လျှော့ချနိုင်မည့် အစီအမံများကို ဆောင်ရွက်သွားရန် ညွှန်ကြားခဲ့သော်လည်း လက်ရှိတွင် ဂျပန်နိုင်ငံ၌ ဆန်ဈေးနှုန်းများမှာ ၁၇ လ ဆက်တိုက် မြင့်တက်လျက် ရှိကြောင်း၊ ဧပြီ ၁၇ ရက်နေ့အထိ ရက်သတ္တ ၁ ပတ်တာကာလအတွင်း ဂျပန်နိုင်ငံတစ်ဝန်းလုံးရှိ စတိုးဆိုင်များတွင် ပျမ်းမျှဆန်ဈေးမှာ ၅ ကီလိုဂရမ် ၁ အိတ်လျှင် ၁၃ ယန်း မြင့်တက်ခဲ့ကြောင်းနှင့် ၂၀၂၂ ခုနှစ်၊ မတ်လမှ စတင်၍ အများဆုံးဖြစ်ခဲ့ကြောင်း ဂျပန်နိုင်ငံ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ငါးလုပ်ငန်းဝန်ကြီးဌာနက ထုတ်ပြန်ထားကြောင်း ဖော်ပြထားသည်။



ယခင်နှစ်တွင် အပူချိန်မြင့်မားခဲ့မှုကြောင့် ဆန်အထွက်နှုန်းကျဆင်းခဲ့ခြင်းနှင့် နိုင်ငံခြား ခရီးသွားဧည့်သည်များ လာရောက်မှုမြင့်မားကာ ဆန်စားသုံးမှုများပြားသဖြင့် ဆန်ဝယ်လိုအားမှာ လတ်တလောတွင် များပြားလျက်ရှိကြောင်း၊ ဈေးကွက်အတွင်း ဆန်လုံလောက်စွာ ရရှိနိုင်ရေးအတွက် ဂျပန်အစိုးရအနေဖြင့် အရန်ဆန်တန်ချိန် ၃၁၂,၀၀၀ ကို ထုတ် ရောင်းပေးသွားရန် စီစဉ်ထားပြီးဖြစ်ကြောင်း ဖော်ပြထားသည်။

**သူဇာဖြိုး**

စာ- ၆ မှ

အပေါ် စိုးရိမ်ပူပန်ခဲ့ကြောင်း ထုတ်ဖော်ခဲ့ကြသည်။

စိုက်ပျိုးရေးအတွင်းရေးမှူး Mohammad Emdad Ullah Mian ၏ ပြောကြားချက်အရ လယ်သမားများသည်ယခုရာသီတွင် ကြက်သွန်နီ တစ်ကီလိုဂရမ်ထွက်ရှိစေရန် အမေရိကန်ဒေါ်လာ သုညဒသမ ၃၂ မှ သုညဒသမ ၄၄ ကြား သုံးစွဲခဲ့ကြသည်။

DAE မှ စုစုပေါင်းအထွက်မှာ တန်ချိန် ၃၉ သိန်းကျော်ရှိမည်ဟု ခန့်မှန်းထားပြီး ရိတ်သိမ်း ချိန်လွန်ကာလ ဆုံးရှုံးမှုကို ကာမိစေရန် နောက်ထပ် တန်ချိန် ၆ သိန်းမှ ၇ သိန်းအထိ တင်သွင်းရန် လိုအပ်သည်ဟု ခန့်မှန်းထားသည်။

စိုက်ပျိုးရေးအတွင်းဝန် Mian မှ မျှတသောလက်လီဈေးနှုန်းသည် ထုတ်လုပ်မှုကုန်ကျ စရိတ်ထက် (၁၅-၂၀ ရာခိုင်နှုန်း) အတွင်းကို ထည့်သွင်းစဉ်းစားပြီး တစ်ကီလိုဂရမ်လျှင် အမေရိကန်ဒေါ်လာ သုညဒသမ ၅၅ ဝန်းကျင်ဖြစ်သင့်သည်ဟု ပြောကြားခဲ့သည်။

"ကြက်သွန်နီကို လက်လီဈေးမှာ အမေရိကန်ဒေါ်လာ သုညဒသမ ၅၅ အောက် ရောင်းချတုန်းက လယ်သမားများ အကြီးအကျယ် ဆုံးရှုံးမှုတွေ ဖြစ်ခဲ့ရတယ်" ဟု Mian က ပြောကြားသည်။

**ဖုန်းမြတ်ဝင်းမောင်မောင်**

https://www.freshplaza.com/europe/article/9725803/onion-prices-surge-in-bangladesh%20-despite-peak-harvest-season/



ကျော်မြင့်ဦး(Khanti-DOA)

# ရွှေ့ပြောင်းတောင်ယာစနစ်လျှော့နည်းရေး ပြိုင်တူတွန်းအားပေး

ခန္တီး ဒေသသည် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း တည်ရှိ၍ နာဂဒေသပြီးလျှင် ဒုတိယ အဝေးဆုံးဒေသ ဖြစ်သည်။ မိုးကောင်းသောက်ဒေသဖြစ်၍ မြေယာအသုံးချမှုအရ ၂၀၂၅၈၈၈ ဧကရှိသည်။ အသားတင်စိုက်ပျိုးနိုင်သော ဧရိယာမှာ ၁၀၆၈၉ ဧက ရှိသည်။ ၎င်းထဲတွင် လယ် ၃၀၁၁ ဧက၊ ကိုင်းကျွန်း ၁၂၂၉ ဧက၊ လုပ်မြေ ၁၇၇ ဧက၊ တောင်ယာ ၅၂၆၈ ဧက ပါဝင် သည်။ ကြိုးဝိုင်း/ပြင် ကာကွယ်တော၊ တောရိုင်း၊ မြေရိုင်း၊ အခြား၊ စိုက်ပျိုးခြင်းမပြုနိုင်သော မြေများ ပါဝင်တည်ရှိသည်။ ပူအိုက်စွတ်စိုသော ရာသီဥတုရှိပြီး ပုံမှန်ရွာသွန်းမြဲ မိုးရေချိန် ၁၂၂ ရက် (၁၅၁ ဒသမ ၀၉)လက်မရှိသည်။ ဆည်/မြောင်းတာတမံ၊ မြစ်ရေတင်၊ မြေအောက်ရေ လုပ်ငန်းများမရှိ၊ မိုးရေကို အားထားစိုက်ရသည်။ ရွာရက်အတွင်း မိုးရေချိန်လက်မများစွာ ရွာသွန်းခြင်း၊ ရေကြီးနစ်မြုပ်ခြင်းများရှိသည်။

ခန္တီးသည် ပင်လယ်ရေမျက်နှာပြင်အထက် ၄၁၀-၆၅၀၀ ပေအထိရှိသည်။ ကျေးရွာ အုပ်စု ၂၉၊ ရပ်ကွက် ၃ ခု၊ ကျေးရွာပေါင်း ၈၂ ရွာဖြင့် ဖွဲ့စည်းထားသည်။မြစ်ရိုးတစ်လျှောက် ကျေးရွာပေါင်း ၂၄ ရွာ တည်ရှိ၍ တောင်ပေါ်ကျေးရွာ ၅၈ ရွာ ရှိသည်။ ခန္တီးခရိုင်ရှိ စိုက်ပျိုးနိုင်သောဧရိယာမှာစစ်ကိုင်းတိုင်းဒေသကြီး၊ အခြားခရိုင်များ အတွင်းရှိ ကျေးရွာအုပ်စု (၃-၄) အုပ်စု၏ စိုက်ဧရိယာခန့်သာရှိသည်။ လယ်စိုက်ပြီး ကျန်ရှိအစိုဓါတ်ဖြင့် သီးထပ်စိုက်ပျိုးနိုင်ပြီး ယာမြေသီးသန့်မရှိပေ။ နှစ်စဉ်နွေစပါးစိုက်ပျိုးမှု အနေဖြင့်(၃၀-၃၅)ဧကရှိပြီး အင်းရေကျချိန် ရေကျနောက်စိုက် မုယင်းစပါးသာဖြစ်သည်။

ခန္တီးဒေသတွင် ဌာနေ တိုင်းရင်းသားများ ဖြစ်သည့် ရှမ်း၊ နာဂ၊ ချင်း၊ ကချင်နှင့် မြန်မာ၊ ရွှေ့ပြောင်းလုပ်သားများ အတူတကွနေထိုင်လျက်ရှိသည်။ ဒေသအားသာချက်မှာ သဘာဝ တရား၏ လက်ဆောင်ဖြစ်သော ရွှေနှင့် ကျောက်မျက်ရတနာ တူးဖော်နိုင်သော ရွှေမှော်၊ ပယင်း မှော်၊ ကျောက် မှော်လုပ် ငန်းများ ဆောင်ရွက်နိုင်ခြင်းဖြစ်သည်။ ရတနာနယ်မြေ ဖြစ်ခြင်း၊ စိုက်ပျိုးမြေနည်းပါးခြင်း၊ လုပ်သားရှားပါးခြင်း၊ (လုပ်သားအများစုမှာ မှော်လင့်ချက်များဖြင့် ရွှေတူး၊ ကျောက်တူး၊ လုပ်ငန်းများ သွားရောက်လုပ်ကိုင်ခြင်း)၊ ခေတ်မီလယ်ယာသုံးကိရိယာနည်း ပါးခြင်း၊ စရိတ်စကကြီးမြင့်ခြင်းများကို သိရှိရင်ဆိုင်လျက်စိုက်ပျိုးရေးဦးစီးဌာန၊ ဝန်ထမ်းများမှ အထွက်နှုန်း ပိုမိုလာရန်၊ ဒေသတွင်း ဆန်၊ ဆီ၊ ပဲ ဖူလုံမှုတိုးတက်စေရန် အားသွန်ခွန်စိုက်ကြိုးစား ဆောင်ရွက်လျက်ရှိပေသည်။

ဒေသခံ တိုင်းရင်းသားများမှာ မိရိုးဖလာအရ ဝမ်းစာရေးအတွက် သဘာဝပေါက် သစ်တောများကို ခုတ်ထွင် ရှင်းလင်းမီးရှို့မြေသင်း၍ တောင်ယာစိုက်ပျိုးခြင်း၊ သဘာဝ သစ်ဥ၊ သစ်ဖုများ ရှာဖွေစားသောက်ခြင်း၊ သားငါးအတွက် အမဲလိုက်ခြင်း လုပ်ငန်းများကို အဓိကထား ဆောင်ရွက်ကြသည်။ သို့ရာတွင် လမ်းပန်းဆက်သွယ်ရေး ဝေးလံခက်ခဲမှုကြောင့် တောင်ယာများတွင် ဓာတ်မြေသြဇာ၊ ဓာတုပိုးမွှားရောဂါကာကွယ် ဆေးများ သုံးစွဲနိုင်မှု နည်းပါးသဖြင့် သဘာဝသြဂဲနစ်စိုက်ပျိုးရေးအတွက် အခွင့်အလမ်းတစ်ရပ် ဖြစ်နေပါသည်။

နှစ်စဉ်မိုးဦးအမီ တောင်ယာစိုက်ပျိုးနိုင်ရန်အတွက် ကောက်သစ်စားပွဲပြီးချိန်၌ မြေယာခုတ်ထွင်မီးရှို့ ရှင်းလင်းမြေသင်းခြင်းလုပ်ငန်း စတင်လုပ်ကိုင်လေ့ရှိပါသည်။ လက်ရှိ တောင်ယာတွင် ၃ နှစ်ခန့် စိုက်ပျိုးပြီးပါက တောသစ်ထပ်မံ ရှင်းလင်းကြသည်။ အနည်းဆုံး (၅-၆)နှစ်ခန့်ကြာသည့်အခါ ယခင်စိုက်ပျိုးခဲ့သောတောင်ယာကို ထပ်မံခုတ်ထွင် ရှင်းလင်း မီးရှို့၍ စိုက်ပျိုးရန်ပြင်ဆင် ခြင်းအားဖြင့် ရွှေ့ပြောင်းတောင်ယာ စိုက်ပျိုးခြင်း သံသရာလည်နေပါသည်။ နှစ်စဉ်ထိုအချိန်၌ တောတောင်တစ်ခွင် မီးခိုးမြူငွေ့ဆိုင်းနေလေ့ရှိသည်။ တောင်ယာခုတ်မီးရှို့စိုက်ပျိုး၍ ပတ်ဝန်းကျင် ဂေဟစနစ် ယိုယွင်းလာသည်။ သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှုကိုလည်း ဖြစ်စေသည်။ နောက်ဆက်တွဲပြဿနာများစွာ(ကျန်းမာရေး၊ တောတောင် ပြုန်းတီးခြင်း သဘာဝသားရဲတိရစ္ဆာန် များရှားပါး/ မျိုးသုန်းခြင်း၊ မှုခြေ ဂေဟစနစ် ယိုယွင်းလာခြင်း)ကို ဖြစ်ပေါ်စေသည်။

တောင်ယာခုတ်ထွင် စိုက်ပျိုးမှုသည် ၃ နှစ်ခန့်သာ အထွက်ကောင်းပြီး နောက်ပိုင်း တွင်အထွက်များစွာကျဆင်းလာသဖြင့် တောင်ယာသစ်ခုတ်ပြန်သည်။ မြေဆီလွှာများကို ပျက်သုန်းစေပြီး မျှော်လင့်မထားသည့် သဘာဝဘေးအန္တရာယ်များ ပိုမိုကျရောက်လာမည်ဖြစ်သည်။ စိုက်ပျိုးသောသီးနှံများ၏ အရည်အသွေးလည်းကျဆင်းလာနိုင်သည်။ ယခုအခါ ပြည်ပမှ မီးရှို့တောင်ယာတွင် စိုက်ပျိုးထွက်ရှိသော စိုက်ပျိုးရေးထွက်ကုန် ဝယ်ယူမှုအပေါ် ကန့်သတ် /တားမြစ်မှုများရှိလာပြီဖြစ်ပါသည်။



ခန္တီးမြို့တွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများမှ ခရိုင်ဦးစီးမှူး၏ စီမံခန့်ခွဲမှုဖြင့် ပတ်ဝန်းကျင်ညစ်ညမ်းမှု လျော့ချနိုင်ရန်၊ သဘာဝပတ်ဝန်းကျင် ဂေဟစနစ် ယိုယွင်းမှုကာကွယ်ရန်၊ စိုက်ပျိုးရေးထွက်ကုန်များ အရည်အသွေး/အထွက်ပိုမိုလာစေရန်၊ ဒေသဝမ်းစာဖူလုံမှုတိုး တက်လာရန် ရည်ရွယ်လျက် ဌာနရှိ စိုက်ပညာရှင်ဝန်ထမ်းများနှင့် ဘာသာရပ်ဆိုင်ရာကျွမ်းကျင်ပညာ ရှင်များမှ ခေတ်မီတောင်စောင်းစိုက်ပျိုးရေး နည်းစနစ်၊ ကွန်တိုစိုက် ပျိုးရေးနည်းပညာပေးသင်တန်း၊ လက်တွေ့ကွင်းသရုပ်ပြပွဲများ၊ရေရှည်တည်တံ့သော စိုက်ပျိုးရေးနည်းစနစ်၊ ကုန်းမြင့်လယ်ယာစိုက်ပျိုးရေးနည်းစနစ်၊ မြေဆီလွှာဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာနည်းပညာပေးသင်တန်းများအားအခါအခွင့်သင့်သလို ပြုလုပ်ပေးနေပါသည်။ ထို့အပြင် နာဂရိုးရာယဉ်ကျေးမှုနှင့် စာပေ(ဗဟို)ဖြင့် ညှိနှိုင်း၍ နာဂရိုးရာ(ဇင်္ဂလိန်း)ကွင်း၌ နာဂမစ်သင်တန်းတွင် တောင်သူများအား ရွှေ့ပြောင်းတောင်ယာစနစ်ပပျောက်၍ ရေရှည်တည်တံ့သော စိုက်ပျိုးနည်းပညာ၊ ခေတ်မီတောင် စောင်း/ကွန်တိုစိုက်ပျိုးရေးများ ဆောင်ရွက်လာစေရန်အတွက် စာတွေ့လက်တွေ့သင်တန်းများ ပြုလုပ်ပေးခဲ့ပါသည်။

ခန္တီးမြို့နယ် ၊လောင်ပကျေးရွာရှိ ဒေသခံ တောင်သူများမှာ ရှေးအစဉ်အဆက် ဆူးထိုးစိုက် (တောင်ယာ) စနစ်ဖြင့် စိုက်ပျိုးခဲ့ကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်၏ ဒေသဖွံ့ဖြိုးရေးခရီးစဉ်တွင် ရွှေ့ပြောင်းတောင်

စာ-၉ သို့

# အိန္ဒိယအစိုးရက ၂၀၂၅-၂၆ ကြံရာသီအတွက် သင့်တင့်မျှတသော ဈေးနှုန်း (FRP) ကို တိုးမြှင့်အတည်ပြု

အိန္ဒိယပြည်ထောင်စုအစိုးရအဖွဲ့သည် ပြီးခဲ့သည့်လ ၃၀ ရက်နေ့ (ဗုဒ္ဓဟူးနေ့)တွင် ၂၀၂၅-၂၆ ကြံရာသီအတွက် သင့်တင့်မျှတသောဈေးနှုန်း (FRP) ကို အခြေခံ ပြန်လည်ရရှိမှုနှုန်း (basic recovery rate) ၁၀ ဒသမ ၂၅ ရာခိုင်နှုန်းအတွက် ၁ ကွင်တယ် (၁၀၀ ကီလိုဂရမ်) လျှင် ရူပီး ၃၅၅ အဖြစ် အတည်ပြု ခဲ့ကြောင်း သိရသည်။ အဆိုပါ ဆုံးဖြတ်ချက်ကို ဝန်ကြီးချုပ် နရန်ဒြာမိုဒီဦးဆောင်သည့် စီးပွားရေးရာကိစ္စဆိုင်ရာ အစိုးရအဖွဲ့ကော်မတီမှ ချမှတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

တရားဝင်ထုတ်ပြန်ချက်အရ အဆိုပါ ပြင်ဆင်သတ်မှတ်ထားသော FRP သည် ကြံစိုက် တောင်သူ ၅ ကုဋေခန့်နှင့် ၎င်းတို့၏ မိသားစုများအပြင် သကြားစက်ရုံများနှင့် ဆက်စပ်ကဏ္ဍများတွင် အလုပ်လုပ်ကိုင်လျက်ရှိသော လုပ်သား ၅ သိန်းခန့်အား အကျိုးကျေးဇူး ရရှိစေမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ပြင်ဆင်သတ်မှတ်ထားသော FRP သည် လက်ရှိရာသီ၏ ဈေးနှုန်းထက် ၄ ဒသမ ၄၁ ရာခိုင်နှုန်း ပိုမိုမြင့်မားပြီး တန်ချိန် ၁၀၀ လျှင် ရူပီး ၁၇၃ ရှိသော ထုတ်လုပ်မှုကုန်ကျစရိတ်ထက် နှစ်ဆ ကျော်ပိုမိုမြင့်မားကြောင်း တွေ့ရှိရသည်။ အခြေခံနှုန်းထက် ပြန်လည်ရရှိမှုနှုန်း ၀ ဒသမ ၁ ရာခိုင်နှုန်း တိုးတက်ပါက FRP သည် ၁ ကွင်တယ် (၁၀၀ ကီလိုဂရမ်) လျှင် ရူပီး ၃ ဒသမ ၄၆ ဖြင့် တိုးမြင့်သွားမည် ဖြစ်ကြောင်း သိရသည်။ အလားတူပင် ပြန်လည်ရရှိမှုနှုန်း ၀ ဒသမ ၁ ရာခိုင်နှုန်း ကျဆင်းပါက ၁ ကွင်တယ် (၁၀၀ ကီလိုဂရမ်) လျှင် ရူပီး ၃ ဒသမ ၄၆ ဖြင့် လျှော့ချသွားမည်ဖြစ်ကြောင်း သိရသည်။

သို့ရာတွင် သကြားပြန်လည်ရရှိမှုနှုန်း နည်းပါးသော ဒေသများရှိ တောင်သူများ၏ အကျိုးစီးပွားကို ကာကွယ်ရန်အတွက် အိန္ဒိယအစိုးရသည် ပြန်လည်ရရှိမှုနှုန်း ၉ ဒသမ ၅ ရာခိုင်နှုန်းအောက် ကျဆင်းပါက နုတ်ယူမည်မဟုတ်ဟု ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။ အဆိုပါ အခြေအနေမျိုးတွင် ၎င်းတို့အနေဖြင့် ၂၀၂၅-၂၆ ရာသီ (အောက်တိုဘာမှ စက်တင်ဘာ အထိ) အတွက် ၎င်းတို့၏ ထွက်ကုန်များအတွက် ၁ ကွင်တယ် (၁၀၀ ကီလိုဂရမ်) လျှင် ရူပီး ၃၂၉ ဒသမ ၀၅ ရရှိမည်ဖြစ်သည်။

FRP ကို စိုက်ပျိုးရေးကုန်ကျစရိတ်နှင့် ဈေးနှုန်းကော်မရှင် (CACP) ၏ အကြံပြုချက်များနှင့် ပြည်နယ်အစိုးရများ၊ အခြားအကျိုးသက်ဆိုင်သူများနှင့် တိုင်ပင်ဆွေးနွေး ပြီးနောက် ယခုကဲ့သို့ သတ်မှတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

တရားဝင်အချက်အလက်များအရ ၂၀၂၃-၂၄ ဘဏ္ဍာနှစ် သကြားရာသီတွင် သကြားစက်များမှ ကြံစိုက်တောင်သူများအတွက် ပေးရန် ကျန်ငွေ ရူပီး ၁ ဒသမ ၁၁ သန်း ကုဋေအနက် ၉၉ ဒသမ ၉၂ ရာခိုင်နှုန်းကို ၂၀၂၅ ခုနှစ် ဧပြီလ ၂၈ ရက်နေ့အထိ ရှင်းလင်းပြီး ဖြစ်ကြောင်း သိရသည်။ လက်ရှိ ၂၀၂၄-၂၅ ဘဏ္ဍာနှစ် ရာသီတွင် ရူပီး ၉၇ ဒသမ ၂၇ ကုဋေအနက် ရူပီး ၈၅ ဒသမ ၀၉၄ ကုဋေကို ယခုအချိန်အထိ ပေးချေပြီးဖြစ်ကာ စုစုပေါင်း၏ ၈၇ ရာခိုင်နှုန်းခန့်ရှိကြောင်း တွေ့ရှိရသည်။

သင့်တင့်မျှတသောဈေးနှုန်း (FRP) ဆိုသည်မှာ အိန္ဒိယနိုင်ငံရှိ သကြားစက်ရုံများကကြံစိုက် တောင်သူများအား ဥပဒေအရပေးရန် လိုအပ်သော အနိမ့်ဆုံးဈေးနှုန်းဖြစ်ကြောင်း သိရသည်။ ၂၀၂၅-၂၆ ရာသီအတွက် FRP သည် အခြေခံပြန်လည်ရရှိမှုနှုန်း ၁၀ ဒသမ ၂၅ ရာခိုင်နှုန်းအတွက် ၁ ကွင်တယ် (၁၀၀ ကီလိုဂရမ်) လျှင် ရူပီး ၃၅၅ အဖြစ် သတ်မှတ်ထား ကြောင်း သိရသည်။ တောင်သူများအနေဖြင့် ပြန်လည်ရရှိမှုနှုန်းမြင့်မားပါက အပိုဆုငွေရရှိပြီး ပြန်လည်ရရှိမှု နှုန်းနည်းပါးပါက လျှော့ပေးရသော်လည်း ပြန်လည်ရရှိမှုနှုန်း ၉ ဒသမ ၅ ရာခိုင်နှုန်းအောက် ကျဆင်းသည့်တိုင် အနိမ့်ဆုံးဈေးနှုန်းကို အာမခံပေးထားကြောင်း သိရသည်။

အဆိုပါ FRP ကို စိုက်ပျိုးရေးကုန်ကျစရိတ်နှင့် ဈေးနှုန်းကော်မရှင် (CACP) ၏ အကြံပြုချက်များကို ထည့်သွင်းစဉ်းစားပြီးနောက် ဗဟိုအစိုးရမှ သတ်မှတ်ပေးခြင်းဖြစ်ကာ တောင်သူလယ်သမားများအား တရားမျှတသော လုပ်အားခပေးရန်၊ ဈေးကွက်အတက်အကျများမှ ကာကွယ်ရန်နှင့် သကြားပြန်လည် ရရှိမှုနှုန်း ပိုမိုမြင့်မားစေရန် ရည်ရွယ်ကြောင်း သိရှိရသည်။

**ကောင်းထွဋ်အောင်**

ddnews.gov.in, Cabinet approves higher sugarcane FRP for 2025–26 season, April 30, 2025.



စာ-၈ မှ

ယာ စိုက်ပျိုးမှု လျှော့ချရေး၊ ဒေသခံတိုင်းရင်းသားများ စားရေရိက္ခာဖူလုံရေး ရည်ရွယ်လျက် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ အထောက်အပံ့ဖြင့် ၂၀၂၂ခုနှစ်တွင် ခန္တီးမြို့နယ်၊ ဆင်သေကျေးရွာအုပ်စု၊လောင်ပကျေးရွာ အနီးတွင် ကုန်းမြင့်လယ်ယာဧကေ ၂၀၀ အား ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့်ဖော်ဆောင်ပေးနိုင်ခဲ့ပါသည်။

အိမ်နီးချင်းနိုင်ငံများမှလည်း နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ ထိန်းချုပ်စောင့်ကြည့်ရေးလုပ်ငန်းများ၊ မီးရှို့တောင်ယာမှ ထွက်ရှိသော စိုက်ပျိုးသီးနှံများ ဝယ်ယူမှုဆိုင်းငံ့ခြင်း၊ ရပ်တန့်ခြင်းများ စတင်ကျင့်သုံး ဆောင်ရွက်နေပြီဖြစ်သည်။ သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှု လျှော့ချနိုင်ရေး၊ နယ်စပ်ဖြတ်ကျော်မီးခိုးမြူငွေ့ မဖြစ်ပေါ်ရေး၊ စိုက်ပျိုးသီးနှံများ အရည်အသွေးနှင့် အထွက်နှုန်းတိုးတက်စေရန်၊ ဒေသဝမ်းစာဖူလုံမှုနှင့် GDP တိုးတက်စေရန်အတွက် စိုက်ပျိုးရေးဆိုင်ရာတိုးချဲ့နည်းပညာပေးမှုအပေါ် မျိုးနွယ်စုခေါင်းဆောင်များ၏ အုပ် ချုပ်ရေး၊ စီမံခန့်ခွဲရေးဆိုင် ရာသက်ရောက်မှုဖြင့်အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်လျှင် မိရိုးဖလာရွှေ့ပြောင်းတောင်ယာစိုက်ပျိုးမှုမှ ခေတ်မီတောင်စောင်း/ကွန်တို စိုက်စနစ်များသို့ ပြောင်းလဲစိုက်ပျိုးလာကြမည်ဖြစ်ပါသည်။

ခန္တီးဒေသ၏ လယ်စိုက်ဧက ၃၀၁၁ အနက် ဆင်းကေရီ(၃)၂၃၀၂ ဧက (၈၇ ဒသမ ၉၀ တင်း နှုန်း)၊ ညော့်မထ ၆၂၂ ဧက (၆၂ ဒသမ ၂၅ တင်းနှုန်း)၊ ကောက်ညှင်း ၈၇ ဧက (၅၅ ဒသမ ၇၅) တင်းနှုန်း အသီးသီးဖြစ်ပြီး တောင်ယာ ၅၂၆၈ ဧကတွင်(၅၉ ဒသမ ၅၆ တင်းနှုန်းဖြစ်သဖြင့် စုစုပေါင်းစပါး စိုက်ဧက ၈၂၇၉ တွင် ၆၇ ဒသမ ၆၀ တင်းနှုန်းထွက်ရှိနေပါသည်။ ပျမ်းမျှတစ်ဧကအထွက်နှုန်း လျော့ နည်းမှုတွင် တောင်ယာစိုက်ပျိုးမှုမှ ဆွဲချနေခြင်းဖြစ်ကြောင်း တွေ့ရှိရပါသည်။

သို့အတွက် တောင်ယာစိုက်ဧက ၅၂၆၈ ဧကအား ခေတ်မီတောင်စောင်း/ ကွန်တိုစိုက် နည်းစနစ်များဖြင့် ပြောင်းလဲစိုက်ပျိုးလာလျှင် တစ်ဧက အနည်းဆုံး (၁၀-၁၅) တင်းနှုန်းအထွက် ပိုမိုလာပါက ယနေ့ဖူလုံမှု ၉၀ ဒသမ ၁၃ ရာခိုင်နှုန်း ထက်ပိုမိုတိုးတက်လာ၍ ဒေသဝမ်းစာဖူလုံမှုပြည့်စုံသွားမည်ဖြစ်ပါသည်။ ဆက်စပ်အနေဖြင့် အခြား ဆီ၊ ပဲ ဖူလုံမှုလည်း တိုးတက်လာမည်ဖြစ်ပါသည်။ ခန္တီးဒေသတွင် သဘာဝပတ်ဝန်းကျင်ဂေဟစနစ်ပိုမို ကောင်းမွန်လာစေရန်နှင့် တိုင်းရင်းသားတောင်သူများ၏ လူမှုစီးပွားဘဝတိုးတက်လာစေရန်အတွက် ရွှေ့ပြောင်းတောင်ယာ စိုက်ပျိုးမှုလျှော့ချရေးဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးကြပါဟု တိုက်တွန်းလိုက်ရပါသည်။

**ကျော်မြင့်ဦး (khanti-DOA)**

AgribizNews ဝက်ဘ်ဆိုက်နှင့်e-Paper တို့တွင်
ကြော်ငြာများ ထည့်သွင်းနိုင်ပါပြီ
ဆက်သွယ်ရန်- ၀၆၇-၃၄၁၀၆၁၆ (e-government ဌာနခွဲ)

# စိုက်ပျိုးမွေးမြူရေးပညာနှင့် နိုင်ငံတကာစိုက်ပျိုးမွေးမြူရေးတက္ကသိုလ်များ (အပိုင်း – ၂၈)

## စိုက်ပျိုးမွေးမြူရေး တက္ကသိုလ်များခေတ်နှင့်အညီလိုအပ်သောဘာသာရပ် နှင့်သုတေသနများ (၃)

(ယခင်အပတ်မှအဆက်)

### (ဂ) မွေးမြူရေးသိပ္ပံဘာသာရပ်

ဤဘာသာရပ်သည်လည်း စာရေးသူတို့ တက္ကသိုလ်မရောက်မီ မန္တလေး စိုက်ပျိုးရေး ကောလိပ်ဘဝကတည်းက သင်ကြားခဲ့သော ဘာသာရပ် ဖြစ်ပါသည်။ ဤမွေးမြူရေးသိပ္ပံဘာသာကို ၁၉၂၄ခုနှစ်ကတည်းက စိုက်ပျိုးရေးဘာသာရပ် (Agriculture) အောက်တွင်စတင်သင်ကြားခဲ့ပါသည်။နောင်အခါ လယ်ယာသီးနှံ ဘာသာရပ် (Agronomy) အောက်တွင် ဘာသာရပ် အစိတ်အပိုင်းအနေနှင့် ရောက်ရှိသွားပြီးနောက် ၁၉၆၅ ခုနှစ်တွင် သီးသန့်ဌာန ခွဲထွက်သွားပါသည်။ ဆရာဦးထိန်လင်းကစတင်သင်ကြားခဲ့ပြီး နောက်ဒေါက်တာ လီယိုမန်ကျင်ဟော (B.Sc. – Agri.) ရောက်ရှိလာပြီး ရုရှားနိုင်ငံမှ မွေးမြူရေးပါရဂူဘွဲ့ (PhD in Animal Science) ရရှိလာကာ၊ ဆရာ ဦးအောင်ဆန်း၊ ဒေါက်တာသန်းကျော်တို့ ကျွန်တော် တို့ ကျောင်းသား ဘဝအထိ မွေးမြူရေးသိပ္ပံ ဘာသာရပ်ကိုသင်ကြားခဲ့ပါသည်။

၂၀၁၈ ခုနှစ်တွင် ဘာသာရပ်အသစ်၊ ဌာနအသစ်များ ပေါ်ထွက်လာတော့ ပါမောက္ခ အဆင့်ကြီးကြပ်သော မွေးမြူရေးပညာဌာနကြီးဖြစ်သွားပါသည်။ သို့သော် စိုက်ပျိုးပညာပေး ရေး ဌာနလောက်တော့ ဘွဲ့လွန်၊ ပါရဂူဘွဲ့ရ ဆရာ/မ အင်အားမများသေးပါ။ ဤဌာနမှ ဆရာမတစ်ဦးက ဂျပန်မှ မွေးမြူရေးပါရဂူ၊ တစ်ဦးက တရုတ်နိုင်ငံမှ မွေးမြူရေး မဟာသိပ္ပံ၊ ဘွဲ့များ ရခဲ့ပြီး နောက်တစ်ဦးက တရုတ်နိုင်ငံတွင် မွေးမြူရေးပါရဂူ ဘွဲ့သင်တန်း တက်ရောက်နေသည်ဟူ၍ ကြားသိရပါသည်။ သို့သော် တစ်ခြားဌာနများကဲ့သို့ မဟာသိပ္ပံ၊ ပါရဂူဘွဲ့ သင်တန်း များပေးနိုင်သည်အထိ ဌာနကကြီးထွားမလာခဲ့သေးပါ။

နိုင်ငံတကာစိုက်ပျိုးရေးတက္ကသိုလ်များမှာတော့ သီးနှံစိုက်ပျိုးထုတ်လုပ်ရေး (Crop Production) နှင့် မွေးမြူရေးတိရိစ္ဆာန်များထုတ်လုပ်ရေး (Animal Production) တို့မှာ အတူတကွ အရေးပါကြပြီး နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုမှာ အတူတကွ အရေးပါ ပါသည်။ ဤတိရိစ္ဆာန်မွေးမြူရေး အဓိပ္ပာယ်မှာ ခွေး၊ ကြောင်စသည့် အချစ်တော်အိမ်မွေး တိရိစ္ဆာန်ကလေးများ (Pets) မဟုတ်ဘဲ ဆိတ်၊ သိုး၊ နွား၊ ဝက် စသည့် ခြံမွေးတိရိစ္ဆာန် (Livestocks/ Farm Animals)၊ ကြက်၊ ဘဲ၊ ငုံး (Poultry) နှင့် ငါး၊ ပုစွန် (Fishery) မွေးမြူထုတ်လုပ်ရေး တို့ဖြစ်ပါသည်။

တကယ်တော့ ကျွန်တော်တို့နိုင်ငံအပါအဝင် ကမ္ဘာကြီးရှိလူသားအားလုံးအတွက် ကျန်းမာရေးနှင့် အာဟာရဓာတ် (Health and Nutrition) ရရှိစေရေးအတွက် အသား (Meat)၊ ငါး (Fish)၊ နို့ (Milk) ဥ (Egg) စသည့် ပရိုတိန်း (Protein) ဓာတ်ကြွယ်ဝသော အစားအစာများ (Foods) ဈေးချိုချိုနှင့် လူတိုင်းစားသုံး၍ ရရှိနိုင်အောင် စီစဉ်ပေးရပါမည်။

နွားနို့အပါအဝင် နို့အားလုံး များပြားစွာ ထုတ်လုပ်သုံးစွဲနိုင်ရန် နို့သိပ္ပံပညာ (Dairy Science)၊ အသားသိပ္ပံ (Meat Science) ဘာသာရပ်များက နိုင်ငံအတော်များများတွင် အထူးပြုဘာသာရပ်အဖြစ် သင်ကြားနေပြီး နို့ပိုမိုတိုးတက်ထုတ်လုပ်ရန် မဟာ၊ ပါရဂူ ဘွဲ့ သင်တန်း သုတေသနများဖြင့် ပြုလုပ်နေရာ ကျွန်တော်တို့နိုင်ငံက အိပ်မောကျနေ၍ မဖြစ် တော့ပါ၊ ထို့အတူ ငါးပုစွန် တိုးတက် ထုတ်လုပ်ရေးကိုလည်း ဥရောပသမဂ္ဂ (EU) နိုင်ငံများမှ အစ ယခုထက် အခြားနိုင်ငံများ အပါအဝင် နိုင်ငံတကာသို့ပိုမို တင်ပို့နိုင်ရန် ခေတ်မီ နည်းပညာများကို အသုံးချရပါမည်။ ရန်ကုန်တက္ကသိုလ်တွင်တော့ ငါးလုပ်ငန်း အတတ်ပညာ (B.Sc. in Fishery Science and Aquaculture) အထူးပြု (ကျွန်တော့် အထင်) ၂၀၂၀-၂၀၂၁ ပညာသင်နှစ်မှာမှ စတင်ဖွင့်လှစ်ခဲ့သော်လည်း နိုင်ငံတော်က လိုအပ်နေသော ငါး၊ ပုစွန် ပညာရှင်များ မွေးမြူထုတ်လုပ်မှုမှာ မလုံလောက်သေးဟု ထင်မြင်ယူဆမိပါသည်။

**(က) စိုက်ပျိုးမွေးမြူရေးတက္ကသိုလ် ဗာဂန်နင်ဂန်၊ နယ်သာလန် (WUR – Wageningen University & Research, Netherland)**

စိုက်ပျိုးမွေးမြူရေးသိပ္ပံပညာဘွဲ့- မွေးမြူရေးအထူးကုပညာ (B.Agr.Sc. – Animal Science) အတွက် ကမ္ဘာ့နာမည်ကြီး နံပါတ် (၁) စိုက်ပျိုးမွေးမြူရေးတက္ကသိုလ် ဗာဂန်နင်ဂန် (WUR – Wageningen University & Research) ၏ သင်ရိုးညွှန်းတမ်းအကြမ်းကို လေ့လာကြည့်ရအောင်ပါ။

(က-၁)ပထမနှစ်တွင် အခြေခံသိပ္ပံဘာသာရပ်များ ဖြစ်သော သတ္တဗေဒ (Zoology)၊ ဓာတုဗေဒ (Chemistry)၊ သင်္ချာနှင့်စာရင်းအင်း ပညာ (Mathematics and Statistics) ၊ ဆဲလ်ဇီဝဗေဒ (Cell Biology)၊ ဇီဇဗေဒ (Genetics)၊ မွေးမြူရေးသိပ္ပံပညာမိတ်ဆက် (Introductory Animal Sciences)

(က-၂)ဒုတိယနှစ်တွင် မွေးမြူနည်းစနစ်များ (Animal Husbandry Systems)၊ မွေးမြူရေး တိရိစ္ဆာန်များ မျိုးစပ်မွေးမြူခြင်း (Animal Breeding)၊ အာဟာရဗေဒ (Animal Nutrition)၊ တိရိစ္ဆာန်များ ကျန်းမာရေး (Animal Health)၊ တိရိစ္ဆာန်များ ဇီဝကမ္မဗေဒ (Animal Physiology)၊ ရောဂါပိုးများ ခံနိုင်ရည်ရှိခြင်းနည်းပညာ (Immunology)

(က-၃)တတိယနှစ်နှင့် နောက်ပိုင်းနှစ်များတွင် အထူးပြုဘာသာ (Specialization)၊ သုတေသနပြုလုပ်နည်းများ(Undergraduate Research)စသည်တို့ကိုသင်ကြားပေးနေပါသည်။

**(ခ) ကွင်းစလန်တက္ကသိုလ်၊ ဩစတေးလျ(UQ – University of Queensland, Australia)**

ကျွန်တော် ဩစတေးလျကို အလည်ခဏရောက်တုန်းက မွေးမြူရေးသိပ္ပံပညာနှင့် ပတ်သက်၍ ဩစတေးလျနိုင်ငံ၏ အကောင်းဆုံးတက္ကသိုလ်ကို မေးမြန်းရှာဖွေကြည့်ရာ ကျွန်တော် မဟာစိုက်ပျိုးရေးသိပ္ပံပညာ တက်ရောက်ခဲ့သော ကွင်းစလန်တက္ကသိုလ် ဖြစ်နေသည်ကိုတွေ့ရပါသည်။ ပထမဖြစ်ရခြင်းအကြောင်းများမှာ-

(ခ-၁)တက္ကသိုလ်အချင်းချင်းယှဉ်ပြိုင်မှုထိပ်ဆုံးဖြစ်နေခြင်း(Top National Rankings) မွေးမြူရေးသိပ္ပံနှင့်ပတ်သက်၍ သုတေသနစာတမ်း ပေါင်း ၁၀,၇၀၀ ကျော်ရှိပြီး ကမ္ဘာ့ တက္ကသိုလ် ၁၈ ကျောင်းက အကြိမ်ရေ ၉၃၀,၀၀၀ ကျော် မှီငြမ်းပြု(Citations) ထားပါ သည်။

(ခ-၂)အလွန်ပြည့်စုံ ကျယ်ပြန့်သော သင်ရိုးညွှန်းတမ်းရှိခြင်း (Comprehensive Academic Programs)-မွေးမြူရေးပညာ အထူးပြု စိုက်ပျိုးမွေးမြူရေးသိပ္ပံဘွဲ့ (Bachelor of Agricultural Science with Animal Science Major) နှင့် မွေးမြူရေးသိပ္ပံမဟာဘွဲ့နှင့် ပါရဂူဘွဲ့ (Master/Doctor of Animal Science – MSc/PhD) တွင် မွေးမြူထုတ်လုပ်မှုသိပ္ပံ (Production Animal Science) နှင့် တောရိုင်းတိရိစ္ဆာန်ဇီဝဗေဒ(Wildlife Biology) အထူးပြုဘာသာတွဲများက ကမ္ဘာကျော်နေပါသည်။

(ခ-၃) ကမ္ဘာ့အဆင့်ရှိ သုတေသနလိုအပ်ချက် ပံ့ပိုးမှုရှိခြင်း (World-Class Facilities) အပူပိုင်း၊အပူလျော့ပိုင်း/သမပိုင်းတိရိစ္ဆာန်များ မွေးမြူထုတ်လုပ်ရေး (Tropical, Sub- tropical and Temperate Animal Production) အတွက် ဘွဲ့ကြိုလက်တွေ့သင်တန်းများ (Undergraduate Practical Classes) နှင့် ဘွဲ့လွန် သုတေသန/ကွင်း/တိရိစ္ဆာန်(Post-graduate Research)များမှာဤတက္ကသိုလ် ဂတ်တန်နယ်မြေ ( Gatton Campus )တွင် ပြုလုပ်နေပြီး ကမ္ဘာ့တောင်ပိုင်း (Southern Hemisphere) အကောင်းဆုံး ဖြစ်သည်ဟု အားလုံးက ထောက်ခံပြောဆိုနေပါသည်။

(ခ-၄)အမျိုးမျိုးကွဲပြားကျယ်ပြန့်သောသုတေသနနယ်ပယ်ရှိခြင်း (DiverseResearch Areas) - ကွင်းစလန်တက္ကသိုလ်၏ များပြားလှသော မွေးမြူရေးဆိုင်ရာ ပညာ/ သုတေသနများ ဥပမာ -မွေးမြူရေးဆိုင်ရာ အာဟာရဗေဒ(Animal Nutrition)၊ မျိုးပွားခြင်း (Animal Reproduction)၊ကျန်းမာရေး(Animal Health)၊ ဇီဇဗေဒနှင့်မျိုးစပ်မွေးမြူခြင်း (Animal Genetics and Breeding)၊ အမူအကျင့်/ အပြုအမူများ (Animal Behaviors)၊ အနုဇီဝဗေဒ (Animal Microbiology)၊ ခန္ဓာဗေဒ (Animal Anatomy)၊ ဇီဝကမ္မဗေဒ (Animal Physiology)၊ ဇီဝဓာတုဗေဒ (Animal Biochemistry)၊ စားကျက် သိပ္ပံပညာ (Pasture Science) များမှာ ကမ္ဘာ့ထိပ်ဆုံးကရောက်နေပါသည်။

(ခ-၅)လက်တွေ့လုပ်ငန်း/လုပ်ငန်းရှင်များနှင့်တသားတည်းကျနေ/ပူးပေါင်းဆောင်ရွက်ထားခြင်း ( Industry Integration)- ဤတက္ကသိုလ်တွင် တက်ရောက်သော ကျောင်းသား/သူများက ကျောင်းတက်နေစဉ် ပြည်တွင်း၊ ပြည်ပလုပ်ငန်းခွင်အတွေ့အကြုံ(Industry Placements and International Study Opportu-ities)များစွာ ရရှိနေပါသည်။ထို့အတွက်ကြောင့် ဘွဲ့ရပြီးသောအခါမှာ လုပ်ငန်းခွင် လိုအပ်ချက် (In- demand Skills ready for Agriculture

စာ-၁၁ သို့



# စိုက်ပျိုးရေပေးဝေရာတွင် ရေလှည့်စနစ်ဖြင့်အလှည့်ကျပေးဝေနိုင်ရေး သီးနှံအထွက်နှုန်း လျော့ကျမှုမရှိစေရေး ကွင်းဆင်းစစ်ဆေး

နေပြည်တော်၊ မေ ၁၂

**နေပြည်တော်ကောင်စီနယ်မြေအတွင်း မန္တလေးလျှောင်ကြီး လှူပ်ခတ်ပြီးနောက် ထိခိုက်ပျက်စီးခဲ့သည့် လယ်ယာမြေများအား စိုက်ပျိုးရေပြန်လည်ပေးဝေနေမှု အခြေနေများနှင့် လျှောင်ဒဏ်ကြောင့် ရေသောက်စနစ်များ ထိခိုက်ပျက်စီးမှုအပေါ် သီးနှံအထွက်နှုန်းများ ထိခိုက်မှု မရှိစေရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်နှင့် တာဝန်ရှိသူများသည် မေ ၁၁ ရက်နေ့ နံနက်ပိုင်းက တပ်ကုန်းမြို့နယ် ဆင်သေဆည်ရေသောက်စနစ် လက်တံမြောင်း အဖျားပိုင်းရှိ နွေစပါးစိုက်ခင်း များအား ကွင်းဆင်းကြည့်ရှု စစ်ဆေးသည်။**

ကွင်းဆင်းကြည့်ရှုစစ်ဆေးစဉ် နွေစပါးစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းစေရေးအတွက် ဌာနဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် စိုက်ပျိုးရေ ပေးဝေရာတွင် ရေလှည့်စနစ်ဖြင့် အလှည့်ကျပေးဝေနိုင်ရေးနှင့် သီးနှံအထွက်နှုန်းလျော့ကျမှု မရှိစေရေးအတွက် လိုအပ်သည့် သွင်းအားစုများ၊ နည်းပညာများအား တောင်သူ့စိုက်ခင်း အရောက်ကွင်းဆင်း၍ အမြဲမပြတ် အသိပညာပေး ဆက်လက်ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ထို့နောက် ဆည်ရေသောက် တောင်သူများနှင့်တွေ့ဆုံ၍ ဆင်သေဆည်ရေ သောက်စနစ်အတွင်းရှိ နွေစပါးနှင့် နွေသီးနှံလျာထား ဧရိယာများအားလုံးသို့ စိုက်ပျိုးရေ သွက်လက်ထိရောက်စွာ အချိန်မီပေးဝေနိုင်ရေးအတွက် တောင်သူများ အနေဖြင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ကိုယ်တိုင်ပါဝင်၍ ရေစီးရေလာ ကောင်းမွန်စေရေးအတွက် ရေဝင်မြောင်းများအတွင်းရှိ မြက်၊ ချုံ၊ အမှိုက်များရှင်းလင်းဖယ်ရှားပြီး စိုက်ပျိုးရေကို လယ်ကွင်းထဲအရောက် ကြိုးစားပူးပေါင်း ဆောင်ရွက်ကြရန် လိုကြောင်း၊ တောင်သူအချင်းချင်း ညီညွတ်မျှတသည့် စိတ်ဓာတ်ကို အခြေခံပြီး ဌာနမှစီစဉ်ပေးထားသည့်အတိုင်း စိုက်ပျိုးရေကို အထက်အောက် မျှတစွာ ခွဲဝေသုံးစွဲကြရန်နှင့် မန္တလေး လျှောင်ကြီး လှူပ်ခတ်ပြီး နောက် စိုက်ပျိုးရေ ခေတ္တပြတ်လပ်မှု ဖြစ်ပေါ်ခဲ့သော်လည်း စိုက်ပျိုးရေပြန်လည်ပေးဝေရာတွင် ဦးစွာရေဖူလုံစွာရရှိခဲ့သော ဧရိယာများအား ပန်းတိုင်အထွက်နှုန်းရရှိရေး၊ စိုက်ပျိုးရေ ပြတ်လပ်မှုကာလ ကြာမြင့်ခဲ့ပြီး ရေနောက်ကျမှရရှိသော ဧရိယာများအား သီးနှံအထွက်နှုန်း လျော့ကျမှု မရှိစေရေးအတွက် ဆက်လက်ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရေး ဆွေးနွေးမှာ ကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် တပ်ကုန်းမြို့နယ်ရှိ ဆင်သေရေလွှဲဆည်၏ လက်ဝဲမြောင်းမကြီး၊ လက်ယာမြောင်းမကြီးများမှတဆင့် လက်တံမြောင်းခွဲများသို့ စိုက်ပျိုးရေ ပို့လွှတ်နေမှုအား ကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သတင်းရရှိသည်။

**MOALI**

---

စာ-၁၀ မှ

Sectors) ကို လွယ်ကူစွာဖြည့်ဆည်းနိုင်၍အလုပ်ရရှိနိုင်စွမ်း (Employability)ကလည်းအခြား တက္ကသိုလ်ဘွဲ့ရများထက် သာလွန်သွားပါသည်။

**(ဂ) ကာလီဖိုးနီးယားတက္ကသိုလ်၊ ဒေးဗစ်၊ အမေရိကန်နိုင်ငံ (UC Davis, University of California, US)**

၂၀၂၅ ခုနှစ် ကမ္ဘာ့စိုက်ပျိုးမွေးမြူရေးအကောင်းဆုံးတက္ကသိုလ် အမှတ်စဉ် ၁ ရရှိခဲ့ သော ကျောင်းဖြစ်ပါသည်။ မွေးမြူရေးသိပ္ပံဘွဲ့ရများမွေးထုတ်ရခြင်း အကျိုးရလဒ် ရည်ရွယ်ချက်များ (Outcome Goals) မှာ -

(ဂ-၁) မွေးမြူရေးသိပ္ပံအထူးပြုဘာသာရပ်တွင် ဘာသာရပ် (Scientific Disciplines) နှင့် ဇီဝကမ္မဖြစ်စဉ် (Physiological Mechanisms) များ တွဲဖက်ဆောင်ရွက်ရန်၊

(ဂ-၂) မွေးမြူထုတ်လုပ်ပေးသော တိရစ္ဆာန်များ ရေရှည်တည်တံ့ခိုင်မြဲရန်စီမံခန့်ခွဲမှု (Sustainable Management) ရှု့ဒေါင့်မှ ဆောင်ရွက်ပေးရန်၊

(ဂ-၃) တိရစ္ဆာန်များကိုစနစ်တကျစောင့်ရှောက်တတ်ရန် (Systematic Animal Care) လိုအပ်သော အခြေခံကျွမ်းကျင်မှုများ (Basic Skills) ကို သင်ကြားပေးရန်၊

(ဂ-၄) သုတေသနများမှရရှိသော အချက်အလက်များ (Infromation from Animal Research) ကို မွေးမြူရေးလုပ်ငန်းများတွင် အသုံးချရန်၊

(ဂ-၅) ရေးသားခြင်း (Writing)၊ ဟောပြောခြင်း (Speech)၊ ခေတ်မီနည်းဖြင့် တင်ပြနိုင်ခြင်း(Graphical Displays) စသည်တို့ကိုအခြေခံ၍ ဆက်သွယ်မှု အောင်မြင်စေရန် (Ability to communicate) လေ့ကျင့်သင်ကြားပေးရန် စသည့်ရည်ရွယ်ချက်များဖြင့် ဆောင်ရွက်နေခြင်းကြောင့် အောင်မြင်ရခြင်း ဖြစ်ပါသည်။

ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ မွေးမြူရေးပညာဌာနမှ လက်ရှိသင်ကြားပေးနေသည့် ဘာသာရပ်အချို့မှာ အခြေခံမွေးမြူရေးအတတ်ပညာ၊ တစ်နိုင်မွေးမြူရေး၊ ဝက်မွေးမြူရေး၊ ကြက်မွေးမြူရေး၊ နွားမွေးမြူရေး၊ မွေးမြူရေးအာဟာရဗေဒ၊ စားကျက်စိုက်ပျိုးရေး စသည့်ဘာသာရပ်များရှိပြီး နိုင်ငံတကာ စိုက်ပျိုးမွေးမြူရေးတက္ကသိုလ် (International Agricultural Universities) အချို့တွင် သင်ကြားနေသည့် မွေးမြူရေးဘာသာရပ်များမှာ မွေးမြူရေး တိရစ္ဆာန်နှင့် ပြည်သူ/ ပြည်သားများ (Domestic Animals and People)၊ မွေးမြူရေးသိပ္ပံပညာမိတ်ဆက် (Introductory Animal Science)၊ တိရစ္ဆာန်များနှင့် လူ့ အသိုင်းအဝိုင်း (Animal & Human Society)၊ ရေလုပ်ငန်းမိတ်ဆက် (Introductory Aquature)၊ နို့စားနွားမွေးမြူရေး (Dairy Cattle Husbandry)၊ မွေးမြူထားသော တိရစ္ဆာန် များအား အကဲဖြတ်ခြင်း (Livestocks Judging & Evaluation)၊ မွေးမြူရေးဇီဝဗေဒ (Animal Biology)၊ မွေးမြူရေးစီမံခန့်ခွဲမှုနည်းလမ်းများ (Animal Management Practices) ဥပမာ - နွား၊ ဆိတ်၊ ဝက်၊ ကြက်၊ဘဲ၊ ငါး၊ ပုစွန် စသည် ၊ အသားဆိုင်ရာ သိပ္ပံပညာ (Meat Science)၊ မွေးမြူရေးအာဟာရဗေဒ (Animal Nutrition)၊ မွေးမြူရေးဆိုင်ရာ လက်တွေ့ လုပ်ငန်းများ (Animal Husbandry Practicals/Laboratory)၊ မွေးမြူရေး ဆိုင် ရာဇီဝကမ္မဗေဒ (Animal Physiology)၊ မွေးမြူထားသောတိရစ္ဆာန်များ သက်သာစွာ နေ ထိုင်နိုင်ရေး (Animal Welfare)၊ တိရစ္ဆာန်များ၏အမူအကျင့်များ (Animal Behavours)၊ သတ္တဇီဝဗေဒနှင့်သုတေသန (Zoo Biology & Research)၊ ရေရှည်တည်တံ့ခိုင်မြဲနိုင် သော စိုက်ပျိုးမွေးမြူရေး (Sustainable Animal Agriculture)၊ မြင်းမွေးမြူထုတ်လုပ်ရေး (Advanced Horse Production/Equine Science)၊ ငါးမွေးမြူထုတ်လုပ်ရေး (Fish Production)၊ ပုစွန်မွေးမြူထုတ်လုပ်ရေး (Prawn/Shrimp Production)၊ ကျောရိုးမဲ့ ရေသတ္တဝါများ (Invertebrate Aquaculture)၊ တိရစ္ဆာန်မွေးမြူရေးစနစ်ဆိုင်ရာအနု ဇီဝဗေဒလက်တွေ့ (Microbiology of Animal Systems Laboratory)၊ အသားအရေအသွေးနှင့်လုံခြုံဘေးကင်းမှုလက်တွေ့ (Meat Quality & Safety Laboratory)၊ တိရစ္ဆာန်များအသုံးပြုမှုဆိုင်ရာကျင့်ဝတ်များ (Ethics of Animal Use) စသည့် ဘာသာရပ်များ ဖြစ်ပါသည်။ ဘာသာရပ်အနည်းအကျဉ်းမျှသာဖြစ်ပါသည်။

(မွေးမြူရေးတိရစ္ဆာန်များသိပ္ပံ အသုံးအနှုန်း/အခေါ်အဝေါ် (Terminology) နှင့် ပတ်သက်၍ စိုက်ပျိုးရေးဆိုင်ရာ စာရေးသူတစ်ယောက်အနေနှင့် သိရှိသလို ဘာသာပြန်ပေးခြင်း ဖြစ်ပါသည်။ လွဲချော်သွားပါက စာရေးသူ၏ တာဝန်သာဖြစ်ပါသည်)

ထုတ်ပြန်သော စာရင်းဇယား၂၀၂၄-၂၅ ဘဏ္ဍာရေးနှစ်အတွက် မြန်မာနိုင်ငံမှ ငါး၊ ပုစွန်၊ ရေထွက်ကုန်ပစ္စည်းများ တင်ပို့မှု အမေရိကန်ဒေါ်လာသန်းပေါင်း ၁၄၃.၂၄၄ ကျော်(၁)၊ တိရစ္ဆာန်အရှင်နှင့် အသားတင်ပို့မှုမှ

စာ-၅ သို့




၁၂-၅-၂၀၂၅ ရက်နေ့ ကောက်ယူဈေးနှုန်းများဖြစ်ပါသည်။

## ဆန်

ဆန်စပါးကုန်စည်ဒိုင်(ဝါးတန်းလမ်း)တွင် ထုတ်ပြန်ထားသော ဆန်ဈေးနှုန်းများအရ ရွှေဘိုပေါ်ဆန်း(အဟောင်း) အလတ်စ တစ်တင်းခွဲ တစ်အိတ်လျှင် ၁၄၈၀၀၀ ကျပ်၊ အောက်စတစ်အိတ်လျှင် ၁၄၅၀၀၀ ကျပ်၊ ရွှေဘိုပေါ်ဆန်း(အသစ်) အလတ်စ တစ်တင်းခွဲ တစ်အိတ်လျှင် ၁၃၃၀၀၀ ကျပ်၊ အောက်စတစ်အိတ်လျှင် ၁၃၀၀၀၀ ကျပ်၊ ဖျာပုံပေါ်ဆန်း (အဟောင်း) အလတ်စ တစ်တင်းခွဲ တစ်အိတ်လျှင် ၁၂၀၀၀၀ ကျပ်၊ ပေါ်ကျွဲဆန် (အဟောင်း) တစ်တင်းခွဲ တစ်အိတ်လျှင် ၁၀၁၀၀၀ ကျပ်၊ အောက်စတစ်အိတ်လျှင် ၁၀၀၀၀၀ ကျပ်၊ ဧည့်ယာဆန်(အသစ်) အလတ်စ တစ်အိတ်လျှင် ၆၄၀၀၀ ကျပ်၊ အောက်စတစ်အိတ်လျှင် ၆၃၀၀၀ ကျပ်၊ ညှော်မထ (၂၅ မှတ်) ဆန်ကြမ်း အလတ်စ တစ်တင်းခွဲ တစ်အိတ်လျှင် ၅၈၀၀၀ ကျပ်၊ အောက်စ တစ်အိတ်လျှင် ၅၇၅၀၀ ကျပ်၊ ငစိန်ဆန် အလတ်စ တစ်တင်းခွဲ တစ်အိတ်လျှင် ၆၄၀၀၀ ကျပ်၊ အောက်စတစ်အိတ်လျှင် ၆၃၀၀၀ ကျပ်နှုန်းတို့ဖြင့် ရောင်းဝယ်လျက်ရှိကြောင်း သိရသည်။ ယခင်အပတ်ဈေးနှုန်းများဖြင့် နှိုင်းယှဉ်ပါက ဈေးနှုန်းပြောင်းလဲမှု မရှိပါ။ အာရှတွင် စပါးအထွက်နှုန်းကောင်းမွန်ခဲ့ခြင်းနှင့် စပါးလက်ကျန်များနေခြင်းတို့ကြောင့် စပါးဈေး ထပ်မမြင့်တက်ရန် မရှိသေးခြင်း၊ မြန်မာနိုင်ငံတွင်လည်း ဆန်တင်ပို့မှု ပုံမှန်ရှိနေခြင်း၊ နွေစပါးလှိုင်ချိန်ဖြစ်ခြင်း တို့ကြောင့် ပြည်ပပို့ဆန်များ အတက်အကျနည်းကာ ဈေးငြိမ်လျက်ရှိသည်။ ပြည်တွင်းသုံးစွဲမှုများသော ဆန်အမျိုးအစားများလည်း ရောင်းလိုအား ဝယ်လိုအား မျှတကာ ဈေးငြိမ်လျက်ရှိသည်။ ပြင်ပရှိ လက်လီဈေးကွက်များတွင်လည်း အရည်အသွေး ပိုမိုကောင်းမွန်သော ဆန်များအား သတ်မှတ်ဈေးနှုန်းများထက် ပိုမိုသောဈေးနှုန်းများဖြင့် ရောင်းဝယ်လျက်ရှိသည်။ ရန်ကုန်ဈေးကွက်သို့ ဖျာပုံ၊ မော်ကျွန်း၊ ဘိုကလေး၊ ကွမ်းခြံကုန်း၊ ဒေးဒရဲ၊ ကော့မှူး၊ တွံတေး၊ ဝါးခယ်မ၊ မြောင်းမြ၊ ကျိုက်လတ်၊ လပွတ္တာ၊ ရွှေဘိုဒေသများမှ ဆန်ဝင်ရောက်မှုရှိပြီး စားသုံးသူများက လိုအပ်သလောက်သာ ပုံမှန်ဝယ်ယူမှု ရှိခဲ့ကြောင်း သိရသည်။

## အစေ့ထုတ်ပြောင်း

အမေရိကန်-တရုတ် ကုန်သွယ်မှုစစ်ပွဲအခြေအနေများကြောင့် အမေရိကန်ဒေါ်လာတန်ဖိုးနှင့် အခြားငွေတန်ဖိုးများ လှုပ်ခတ်မှုများနေခြင်း၊ ထိုင်းနိုင်ငံမှပေးသော ပြောင်းဆန်ဈေးနှုန်းမှာ ယခင်နှစ်ထက် လျော့နည်းနေခြင်း၊ ထိုင်းနိုင်ငံအနေဖြင့် မြန်မာပြောင်းထက် အမေရိကန်ပြောင်းကို ဝယ်ယူနိုင်ဖွယ်အလားအလာများ ရှိနေခြင်း၊ နိုင်ငံတကာပြောင်းဈေးကွက်တွင် တက်ဈေးစောင့်ကာ ရောင်းဝယ်လိုသူများ ရှိနေခြင်းကြောင့် အကောက်အခွန်လွတ် တင်ပို့နိုင်သော ကာလဖြစ်သော်လည်း အရောင်းအဝယ်အေးကာ အစေ့ထုတ်ပြောင်း ၅၄ ပိဿာလျှင် ပျမ်းမျှဈေးနှုန်းမှာ ၉၁၂၆၀ ကျပ်ဖြစ်ပြီး ယခင်အပတ်ဈေးနှုန်းအတိုင်း ဈေးငြိမ်အရောင်းအဝယ်အေးခဲ့သည်။

## စားဖိုဆောင်သီးနှံ

ငရုတ်ခြောက်(ရှည်)ဈေးနှုန်းများမှာ ပန်းရဲ၊ မြားနီ၊ ငရုတ်သီးနံ့သစ်များနှင့် အအေးခန်းလှောင်စများ ဈေးကွက်သို့ ကုန်အဝင်နည်းလာသော်လည်း စားသုံးသူများ ပုံမှန်ဝယ်ယူမှုသာရှိခြင်းကြောင့် ယခင်အပတ်ဈေးနှုန်းများဖြင့်သာ ဈေးငြိမ်အရောင်းအဝယ်အေးခဲ့သည်။ ငရုတ်ခြောက်(လတ်)မှာ မြစ်ဝ(မိုးထောင်) ငရုတ်တစ်မျိုးတည်းသာ ဈေးကွက်သို့ ကုန်အဝင်ရှိသော်လည်း ကုန်အဝင်ပိုပြီး ဝယ်လိုအားနည်းနေမှုကြောင့် ယခင်အပတ်ထက် ဈေးအနည်းငယ် နိမ့်လာခဲ့သည်။ ငရုတ်ခြောက်(ပွ)မှာ ဆင်ဖြူကျွန်းနှင့် မြစ်ဝကျွန်းပေါ် ငရုတ်ပုသစ်များ ဈေးကွက်သို့ အဝင်နည်းလာခြင်းကြောင့် ယခင်အပတ်ထက် ဈေးအနည်းငယ်ဈေးမြင့်လာခဲ့သည်။ ငရုတ်ခြောက် (ရှည်/လတ်/ပွ) တစ်ပိဿာလျှင် ယခင်အပတ်ပျမ်းမျှဈေးနှုန်းမှာ (၈၅၀၀/၈၆၀၀/၁၅၀၀၀)ကျပ်ဖြစ်ပြီး ယခုအပတ်ဈေးနှုန်းမှာ (၈၅၀၀/၈၄၀၀/၁၅၅၀၀)ကျပ်ဖြစ်သည်။ ကြက်သွန်နီ(ထူး/လတ်/သေး) ဈေးနှုန်းများမှာ ကြက်သွန်နီသစ်များ ဈေးကွက်သို့ ကုန်အဝင်လှိုင်ချိန်ဖြစ်ခြင်း၊ ပြည်တွင်း ပြည်ပ ဝယ်လက်များက အရောင်းအဝယ်အေးခြင်း၊ အလတ်စ၊ အသေးစများအား ရောင်းလိုအားများခြင်းတို့ကြောင့် ကြက်သွန်နီ(ထူး)မှာ ဈေးနှုန်းပြောင်းလဲမှုမရှိသော်လည်း ကြက်သွန်နီ(လတ်/သေး)မှာ အနည်းငယ် ဈေးနိမ့်လာခဲ့သည်။ ကြက်သွန်နီ(ထူး/လတ်/သေး) တစ်ပိဿာလျှင် ယခင်အပတ် ပျမ်းမျှဈေးနှုန်းမှာ (၁၈၀၀/၁၆၇၅/၁၁၂၅)ကျပ်ဖြစ်ပြီး ယခုအပတ်ဈေးနှုန်းမှာ (၁၈၀၀/၁၆၀၀/၁၀၅၀)ကျပ်ဖြစ်သည်။ ကြက်သွန်ဖြူ(ကြူကုတ်)မှာ ဈေးကွက်သို့ ကုန်အဝင်နည်းလာသော်လည်း ဝယ်လိုအားနည်းနေခြင်းကြောင့် ရောင်းလိုအား ဝယ်လိုအားမျှကာ ဈေးငြိမ်လျက်ရှိသည်။ ကြက်သွန်ဖြူ(ရှမ်း) တစ်ပိဿာလျှင် ပျမ်းမျှဈေးနှုန်းမှာ ၆၇၅၀ ကျပ်ဖြစ်ပြီး ကြက်သွန်ဖြူ(ကြူကုတ်) တစ်ပိဿာလျှင် ပျမ်းမျှဈေးနှုန်း ၁၂၂၅၀ ကျပ်ဖြစ်သည်။ တရုတ်အာလူးနှင့် ရှမ်းအာလူးများ ဈေးကွက်သို့ ကုန်အဝင်ပုံမှန်ရှိသော်လည်း အာလူး(S1)နှင့် အိုကေစများအား ပုံမှန်ဝယ်ယူစားသုံးမှု ရှိနေခြင်းကြောင့် ဈေးငြိမ်လျက်ရှိပြီး အာလူး(အေဝမ်း)နှင့် တရုတ်အာလူး ဝယ်လိုအားနည်းလာသဖြင့် အနည်းငယ်ဈေးနိမ့်လာခဲ့သည်။ အာလူး(S1/အိုကေ/အေဝမ်း) တစ်ပိဿာလျှင် ယခင်အပတ်ဈေးနှုန်း (၃၃၀၀/၃၂၀၀/၃၀၀၀) ကျပ်ဖြစ်ပြီး ယခုအပတ်ဈေးနှုန်းမှာ (၃၃၀၀/၃၂၀၀/၂၈၀၀)ကျပ် ဖြစ်သည်။ တရုတ်အာလူးတစ်ပိဿာလျှင် ယခင်အပတ်ဈေး ၃၄၀၀ ကျပ်၊ ယခုအပတ်ဈေးနှုန်း ၃၃၅၀ ကျပ်ဖြစ်သည်။

## စားသုံးဆီ

အင်ဒိုနီးရှားနှင့် မလေးရှားတွင် စားအုန်းဆီအထွက်ကျဆင်းခဲ့ခြင်း၊ ဇီဝလောင်စာဆီအဖြစ် တိုးမြှင့်အသုံးပြုနေခြင်းတို့ကြောင့် နိုင်ငံတွင်း စားအုန်းဆီလက်ကျန်နည်းကာ ဆီကြမ်းပို့ကုန်အခွန်နှုန်းထားများလည်း မြင့်တက်ခဲ့သည်။ ကမ္ဘာ့ဈေးကွက်တွင် စားအုန်းဆီဈေးနှုန်းသည် ပဲပုပ်ဆီဈေးနှုန်းထက် ဈေးမြင့်လာခဲ့ပြီး ဟင်းဟီးဟင်းရွက်ဆီ အဓိကတင်သွင်းသော ဝယ်လက် အိန္ဒိယဈေးကွက်ဝေစုအား ဆုံးရှုံးခဲ့ရသည်။ အိန္ဒိယက တွက်ခြေကိုက်သော ပဲပုပ်ဆီကို ပိုမိုတင်သွင်းခဲ့ခြင်းကြောင့် ဖြစ်သည်။ လက်ရှိတွင် စားအုန်းဆီထုတ်လုပ်မှု ပြန်လည်ကောင်းမွန်လာချိန်ဖြစ်၍ လက်ကျန်များကာ မလေးရှားနိုင်ငံ၏ စားအုန်းဆီဈေးများ ကျဆင်းလာချိန်ဖြစ်သည်။ သို့သော် အိန္ဒိယဝယ်လိုအား ဆက်လက်ကျဆင်းနေပါက ကမ္ဘာ့စားအုန်းဆီဈေးနှုန်းမှာ ဆက်လက်ကျဆင်းနိုင်ကြောင်း သိရသည်။

စားအုန်းဆီ တင်သွင်းသိုလှောင် ဖြန့်ဖြူးခြင်း လုပ်ငန်းကော်မတီ၏ ၂၀၂၅ ခုနှစ် မေ ၁၂ ရက်မှမေ ၁၈ ရက်နေ့အထိ ကုန်ဆုံးသော ကာလအတွက် ထုတ်ပြန်ထားသော ရန်ကုန်အထိုင် လက်ကား ရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီ တစ်ပိဿာလျှင် ၆၆၂၀ ကျပ်ဖြစ်သည်။ ယခင်အပတ်ဈေးနှုန်းနှင့် နှိုင်းယှဉ်ပါက တစ်ပိဿာလျှင် ၈၀ ကျပ် ဈေးနိမ့်လာခဲ့ခြင်း ဖြစ်သည်။ဧပြီလ ဒုတိယပတ်မှ စတင်ကာ ဈေးနှုန်းကျဆင်းလာခဲ့ခြင်းဖြစ်သည်။

**အေးသန္တာဝင်း**

စာ-၁၃ မှ

## ဂျုံနှင့်အစေ့ထုတ်ပြောင်း

ဂျုံ စတင် ဝင်ရောက်ချိန် ဖြစ်သော်လည်း အဝင်နည်းခြင်း၊ ဂျုံစက်များ ဝယ်ယူမှုနည်းခြင်းတို့ကြောင့် မြင်းမူ၊ မြောင်၊ ငါန်းဇွန်၊ မြို့သာ၊ မုံရွာ၊ ဘုတလင်၊ စစ်ကိုင်း၊ ဆားတောင်၊ ရွှေဘို ဂျုံများမှာ အရည်အသွေး ပေါ်မူတည်၍ ၃တင်းတစ်အိတ် ၂၀၀၀၀၀ မှ ၂၁၀၀၀၀ ကျပ်၊ ကလေးဂျုံ ၁၆၀၀၀၀ ကျပ်၊ ရှမ်းဂျုံ ၁၇၀၀၀၀ ကျပ်မှ ၁၇၅၀၀၀ ကျပ်၊ ဩစတေးလျ ဂျုံမှုန့် တစ်ပိဿာ ၃၇၀၀ ကျပ်ဖြင့် ဈေးတည်ငြိမ် နေသည်။

အစေ့ထုတ်ပြောင်းမှာ ထွက်ရှိရာဒေသများမှ ပြည်ပပို့ရန် တိုက်ရိုက်ဆင်းဝယ်ယူမှုများ ရှိခြင်းကြောင့် ဈေးကွက်အတွင်း အဝင်နည်းခြင်း ပစ္စည်းရှားခြင်း၊ အစာစပ်သမားများ ဝယ်ယူမှုသာ ရှိခြင်းကြောင့် ၃တင်း တစ်အိတ် ၈၄၅၀၀ ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။

**ခင်မေကြည်**

မန္တလေးပွဲစားကုန်သည် စက်ပိုင်ကထိန်တော်အသင်း၊ ကိုင်းတန်းဈေး၊ သီရိမာလာဈေးတို့မှ ၁၂-၅-၂၀၂၅ ရက်နေ့ ကောက်ယူဈေးနှုန်းများဖြစ်ပါသည်။




## ဆန်

ရန်ကုန်ပေါ်ဆန်းမှာ မြို့တွင်းစားသုံးမှု ပုံမှန်ရှိခြင်း၊ အဝင်နည်းခြင်းကြောင့် တစ်အိတ် ၁၁၀၀၀၀ကျပ်မှ ၁၁၂၀၀၀၀ ကျပ်သို့ ဈေးမြင့်သွားသည်။ ရွှေဘိုပေါ်ဆန်းမှာ အဝင်ပုံမှန် စားသုံးမှုပုံမှန်ရှိခြင်းကြောင့် တစ်အိတ် ၁၃၅၀၀၀ ကျပ်ဖြင့် ဈေးတည် ငြိမ်နေသည်။

မနောသုခဆန်မှာ နွေစပါးစိုက်ထားဆဲဖြစ်ခြင်း၊ အဟောင်းလက်ကျန်နည်းသွားခြင်း၊ မြို့တွင်း သုံးပုံမှန်ရှိခြင်းကြောင့် တစ်အိတ် ၇၈၀၀၀ကျပ်မှ ၈၀၀၀၀ ကျပ်သို့ ဈေးမြင့်သွားသည်။

ငစိန်ဆန်နှင့် ဧယာဆန်မှာ ရန်ကုန်ဈေးကွက်မှ တစ်ဆင့်ဝင်ရောက်သောဆန်ဖြစ်ခြင်း၊ အဝင်ပုံမှန်၊ လုပ်ငန်းသမားအဝယ်နည်းခြင်းကြောင့် ငစိန်ဆန်တစ်အိတ် ၇၂၀၀၀ကျပ်ဖြင့် ဈေးတည်ငြိမ်နေပြီး ဧယာဆန်မှ အဝင်ပုံမှန်ရှိသော်လည်း ပြည်ပတင်ပို့သော ဆန်ဖြစ်၍ ပင်ရင်းဈေးမြင့်ခြင်းကြောင့် တစ်အိတ် ၈၅၀၀၀ကျပ်မှ ၉၀၀၀၀ကျပ်သို့ ဈေးမြင့်သွားသည်။

ဧရာမင်းဆန်မှ အဝင်ပုံမှန်၊ မြို့တွင်းသုံးပုံမှန်ရှိခြင်းကြောင့် တစ်အိတ် ၁၃၅၀၀၀ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။

## ဆီထွက်သီးနှံ

မြေပဲ(လုံးဆန်)မှာ ဆောင်းပဲအဝင်နည်းသွားခြင်း၊ မိုးပဲစိုက်ချိန်ဖြစ်၍ စိုက်ရန် ပြင်ဆင်စဖြစ်ခြင်းကြောင့် အရည်အသွေးပေါ်မူတည်၍ ၁၀၀ ပိဿာ ၉၇၀၀၀၀ကျပ်မှ အကောင်းဆုံး ၁၀၂၀၀၀၀ကျပ်ထိ ဈေးအမျိုးမျိုးဖြင့် ရောင်းဝယ်နေသည်။ မြေပဲ(ဆီဆန်)မှာ အဝင် ပုံမှန်၊ ဆီစက်သမား အဝယ်ပုံမှန်ရှိခြင်းကြောင့် အရည်အသွေးပေါ်မူတည်၍ ၉၃၀၀၀၀ ကျပ်မှ ၉၇၀၀၀၀ ကျပ် ဖြင့် ရောင်း ဝယ်နေသည်။

နှမ်းမျိုးစုံဈေးနှုန်းအနေဖြင့် နှမ်းဖြူမှာ နွေနှမ်းမဝင်သေးခြင်း၊ လက်ကျန်နည်းခြင်းကြောင့် အရောင်းအဝယ်အေးသော်လည်း ၄၅ပိဿာ ၃၆၀၀၀၀ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။ နှမ်းညိုမှာ နွေနှမ်းဝင်ချိန်နီး၍ လှောင်သမားထုတ်ရောင်းမှုရှိခြင်း၊ ဆီစက်သမားပုံမှန်ဝယ်ယူမှုရှိခြင်း၊ အရည်အသွေးကောင်းအား ရွေးချယ်ဝယ်ယူမှုရှိခြင်းကြောင့် အညံ့ဆုံး ၄၅ပိဿာ ၃၀၅၀၀၀ ကျပ်မှ အကောင်း ဆုံး ၃၃၀၀၀၀ကျပ်ထိ ဈေးအမျိုးမျိုးဖြင့် ရောင်းဝယ်နေသည်။ နှမ်းနက်မှာ ရိုးရိုးနှမ်းနက် အဝင်ပုံမှန်၊ လုပ်ငန်းသမားအဝယ်ပုံမှန်ရှိခြင်းကြောင့် ၄၅ပိဿာ ၅၃၀၀၀၀ကျပ်ဖြင့် ဈေးတည်ငြိမ်နေပြီး နှမ်းနက် (စမုံ)မှာ တရုတ်ဝယ်လက်မှ အရည်အသွေးကောင်းများအား ရွေးချယ်ဝယ်ယူမှုရှိခြင်းကြောင့် အဟောင်း ၄၅ပိဿာ ၇၈၀၀၀၀ ကျပ်၊ အသစ် ၈၀၀၀၀၀ ကျပ်ဖြင့် ရောင်းဝယ်မှုရှိသည်။

ပန်းနှမ်းဈေးနှုန်းအနေဖြင့် ပစ္စည်းအဝင်နည်းခြင်း၊ ရောဆီအတွက် ဆီစက်သမားအဝယ်များခြင်းကြောင့် ၄၅ပိဿာ ၂၅၃၀၀၀ ကျပ်မှ ၂၅၅၀၀၀ ကျပ်သို့ ဈေးမြင့်သွားသည်။ နေကြာမှာ ဆောင်းနေကြာ အဝင်နည်းခြင်း၊ မိုးအတွက် ပြင်ဆင်ချိန်ဖြစ်ခြင်းကြောင့် ဆီစက်သမား၊ လှော်သမား အဝယ်နည်း အရောင်းအဝယ်အေးသော်လည်း ၂၇ပိဿာ ၁၈၅၀၀၀ ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။

## စားဖိုဆောင်သီးနှံ

ကြက်သွန်နီ ဈေးနှုန်းမှာ မြစ်သားကြက်သွန် အဝင်များခြင်း၊ နယ်ဝေးတင်ပို့ရမှုများ လမ်းပမ်းဆက်သွယ်ရေးကြောင့် နည်းနေခြင်း၊ မြို့တွင်းစားသုံးမှုသာရှိခြင်းကြောင့် ကြက်သွန်နီ(ကြီး)တစ်ပိဿာ ၂၀၀၀ ကျပ်မှ ၁၈၀၀ ကျပ်၊ လတ်တစ်ပိဿာ ၁၈၀၀ ကျပ်မှ ၁၅၀၀ ကျပ်၊ သေးတစ်ပိဿာ ၁၆၀၀ ကျပ်မှ ၁၂၀၀ ကျပ်သို့ ဈေးအသီးသီးနိမ့်သွားသည်။

ကြက်သွန်ဖြူ(တရုတ်)မှာ သုံးမျိုးလုံး ယှဉ်ပြိုင်ဝင်ရောက်ခြင်း၊ နယ်ဝေးတင်ပို့ရမှုမရှိဘဲ အရောင်းအဝယ်အေးခြင်းကြောင့် တစ်ပိဿာ ၁၂၅၀၀ ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။ ကြက်သွန် ဖြူ(ရှမ်း)မှာ အဝင်များခြင်း၊ အရည်အသွေးပေါ်မူတည်၍ ဈေးကွာခြားခြင်းကြောင့် တစ်ပိဿာ အညံ့ ဆုံး ၅၀၀၀ ကျပ်မှ အကောင်းဆုံး ၈၀၀၀ ကျပ် ဈေးအမျိုးမျိုးဖြင့် ရောင်းဝယ်နေပြီး ကြက်သွန်ဖြူ (မြန်မာ)မှာ လက်ကျန်နည်း ပစ္စည်းရှားခြင်းကြောင့် တစ်ပိဿာ ၁၀၀၀၀ ကျပ်ဖြင့် ရောင်းဝယ်မှု ရှိသည်။

ချင်းဈေးနှုန်းအနေဖြင့် မြို့တွင်းသုံးမျှသာရှိပြီး နယ်ဝေးနှင့် ချင်းထိုးသမားအဝယ်နည်းခြင်းကြောင့် တစ်ပိဿာ ၃၀၀၀ ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။

## ပဲမျိုးစုံ

မတ်ပဲဈေးနှုန်းမှာ အညာပဲ ၃တင်း တစ်အိတ် ၂၇၀၀၀၀ ကျပ်၊ ကျောက်ရစ်ပဲ ၂၈၆၀၀၀ ကျပ်ဖြင့် ရန်ကုန်ဝယ်လက်ပုံမှန်ဝယ်ယူပြီး ဈေးတည်ငြိမ်နေသည်။

ပဲတီစိမ်း(အညာ)မှာ မတ္တရာ၊ စဉ့်ကူးတို့မှ ဝင်ရောက်မှုရှိပြီး ၃တင်း တစ်အိတ် ၄၃၀၀၀၀ကျပ်၊ ရွှေဘိုဘက်မှ ဝင်ရောက်သော ပဲတီစိမ်း အရည်အသွေးပေါ်မူတည်၍ ၄၃၀၀၀၀ ကျပ်မှ ၄၅၀၀၀၀ ကျပ် ဖြင့် တရုတ်ဝယ်လက်နှင့် ပဲခွဲစက်များ ဝယ်ယူမှုရှိသည်။

ပဲပုတ်(မြန်မာ)မှာ အဝင်နည်းပစ္စည်းရှားခြင်း၊ ရောင်းလိုအားနည်း၍ အရောင်းအဝယ်အေးခြင်းကြောင့် ၃တင်းတစ်အိတ် ၄၅၀၀၀၀ ကျပ် အမြင့်ဈေးဖြင့် တည်ငြိမ်နေသည်။ ပဲပုတ်(ရှမ်း)မှာ အဝင်ပုံမှန် ဆီစက်သမား အဝယ်ပုံမှန်ရှိခြင်းကြောင့် ၃တင်းတစ်အိတ် အရည်အသွေး ပေါ်မူတည်၍ ၂၇၀၀၀၀ ကျပ်မှ ၂၉၀၀၀၀ ကျပ်ထိ ဈေးအမျိုးမျိုးဖြင့် ရောင်းဝယ်နေသည်။

ပဲစဉ်းငုံ(ဖြူ/နီ)တို့မှာ အဝင်ပုံမှန်ရှိခြင်း၊ ရန်ကုန်ဝယ်လက်နည်းခြင်းကြောင့် ပဲစဉ်းငုံ(နီ) ၃တင်း တစ်အိတ် ၂၇၈၀၀၀ ကျပ်၊ ပဲစဉ်းငုံ(ဖြူ) ၂၇၅၀၀၀ ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။

ကုလားပဲဈေးနှုန်းများအနေဖြင့် ကုလားပဲ(လုံးဖြူကြီး) V2 ၃တင်း တစ်အိတ် ၂၅၀၀၀၀ကျပ်၊ V7 တစ်အိတ် ၂၇၀၀၀၀ကျပ်၊ V929 ၂၄၂၀၀၀ကျပ်ဖြင့် လုပ်ငန်းသမားနှင့် ရန်ကုန်ဝယ်လက် ဝယ်ယူမှုရှိသည်။ ကုလားပဲ(လုံးဝါကြီး)မှာလည်း ပဲခွဲစက်များ ပုံမှန်ဝယ်ယူမှုရှိခြင်းကြောင့် ၂၃၀၀၀၀ကျပ်ဖြင့် ဈေးတည်ငြိမ်နေပြီး ခွဲခြမ်းမှာ အမြင့်ဈေးဖြင့် ဝယ်ယူကြိတ်ခွဲရခြင်းကြောင့် တစ်ပိဿာ ၅၇၀၀ကျပ်မှ ၆၀၀၀ကျပ်သို့ ဈေးမြင့်သွားသည်။

ပဲယင်း၊ မြေထောက်ပဲ၊ စားတော်ပဲ(ကျွန်း)တို့မှာ အဝင်နည်းခြင်း၊ လုပ်ငန်းသမား လက်လီသမား အဝယ်ပုံမှန်ရှိခြင်းကြောင့် ပဲယင်း ၃တင်းတစ်အိတ် ၂၃၅၀၀၀ ကျပ်၊ မြေထောက်ပဲ အရည်အသွေးပေါ်မူတည်၍ ၂၆၀၀၀၀ ကျပ်မှ ၃၁၀၀၀၀ ကျပ်၊ စားတော်ပဲ ၄၄၀၀၀၀ ကျပ်မှ ၄၇၀၀၀၀ ကျပ်သို့ အသီးသီး ဈေးမသိမသာ မြင့်သွားသည်။

ပဲကြီး(ကြီး/သေး)၊ ထောပတ်ပဲ(ကြီး/သေး)တို့မှာ အဝင်ပုံမှန် လက်လီသမားအဝယ်ပုံမှန်ရှိခြင်းကြောင့် ပဲကြီး(ကြီး) ၃ တင်းတစ်အိတ် ၂၇၅၀၀၀ ကျပ်၊ ပဲကြီး(သေး) ၂၂၅၀၀၀ကျပ်၊ ထောပတ်ပဲ(ကြီး) ၃၁၅၀၀၀ ကျပ်၊ ထောပတ်ပဲ(သေး)၂၂၅၀၀၀ ကျပ် အသီးသီး ဈေးတည်ငြိမ်နေသည်။

## သစ်သီးဝလံနှင့် ဟင်းသီး/ရွက်

ချောင်းဦး၊ သဲတော၊ ဝမ်းတွင်းမှ ဖရဲသီးများအရည်အသွေးပေါ်မူတည်၍ ၁၅၀၀ ကျပ်မှ ၄၅၀၀ ကျပ်၊ နွားထိုးကြီး၊ ဝမ်းတွင်းမှ ပိုက်သခွားတစ်လုံး ၃၀၀၀ ကျပ်၊ ဖရဲသခွား ၆၀၀၀ကျပ်၊ တံတားဦး၊ ဆားတောင်မှ သင်္ဘောသီးတစ်လုံး ၂၀၀၀ ကျပ်၊ ရမည်းသင်းမှ စပျစ်သီး(ညို) တစ်ပိဿာ ၇၅၀၀ ကျပ်၊ စိန်တစ်လုံးသရက်သီးများ အဝင်များပြီး အိတ်စွပ် ၁၀လုံး ၆၀၀၀ ကျပ်ဖြင့် ပဲခူး၊ မန္တလေးဝန်းကျင်၊ ငါးသရောက်၊ ခင်ဦး၊ မုံရွာ၊ မြစ်ကြီးနား၊ လားရှိုး၊ မူဆယ် စသော အမှာရှိသော မြို့များသို့ တင်ပို့သည်။

ကသာဘက်မှ လေချူသီးများလည်း ဝင်ရောက်ပြီး တစ်ပိဿာ ၇၀၀၀ ကျပ်၊ အော်ဂင်လိမ္မော် ၁၀ပိဿာ တစ်ခြင်း ၁၅၀၀၀၀ ကျပ်ဖြင့် ရောင်းဝယ်နေသည်။

ဟင်းသီး/ရွက်ဈေးနှုန်းအနေဖြင့် ငရုတ်စို(ရှည်နှင့်လတ်) အား မုံရွာ၊ ချောင်းဦးမှ ဝင်ရောက်ပြီး ငရုတ်စို(ရှည်)တစ်ပိဿာ ၃၀၀၀ကျပ် လတ်တစ်ပိဿာ ၄၀၀၀ကျပ်ဖြင့် မြို့တွင်းလုပ်ငန်းသမားများ ဝယ်ယူ မှုများပြီး ရုံဖန်ရုံခါ မြစ်ကြီးနားသို့ တင်ပို့သည်။ ခရမ်းချဉ်ဈေးနှုန်းမှာ တရုတ်(တိုင်ပေ)သီးများ အဝင်မရှိတော့ဘဲ အင်းသီးကျင်းသီးများသာ ဝင်ရောက်မှုရှိပြီး ၂၀ ပိဿာ တစ်သေတ္တာ ၃၀၀၀၀ ကျပ်ဖြင့် မြို့တွင်းသုံးစွဲမှုသာရှိ သည်။

စာ-၁၂ သို့

## သဘာဝကပေးအစာနှင့်ဆေး

# စောင်းလျား

ငယ်ငယ်စဉ်က လေးဘဝက ကျောင်းမှအိမ်သို့အပြန် လမ်းရှိ ကြီးတော်အိမ်ရှေ့တွင်ရှိသော စောင်းလျားပင်ကြီး အောက်သို့ ပြေးဝင်ပြီး ပခုံးမှာ လွယ်ထားသော စာအုပ်အပြည့်နှင့် လွယ်အိတ်ကြီးကို ချ၊ မြေကြီးပေါ် ကြွေကျနေသော စောင်းလျားသီး မှည့်လေးကို ကောက်၊ ကျောင်းစိမ်း ဂါဝန်အကျီလေးနှင့်သန့်ရှင်းရေးလုပ်ပြီး စားလိုက်တာပဲ။ ချဉ်ပြုံးပြုံး အရသာနှင့် အရည်ရွှမ်းသော စောင်းလျားသီးလေးစားမိလိုက်လျှင်ပင် အမောတွေပြေသွား၏။ ပြီးလျှင် အိမ်မှာ သုပ်စားဖို့ အသီးကြွေလေးတွေကို ကောက်၊ လွယ်အိတ်လွယ်ပြီး ကြီးတော်ကြီးကို အော်နှုတ်ဆက်ပြီး အိမ်ပြန်တော့တာ... အခုတော့လည်း စောင်းလျားပင်နှင့်အတူ အမှတ်ရစရာ ငယ်ဘဝလေးကို တမ်းတလွမ်းရပြန်ပြီ။

စောင်းလျားပင်၏ အင်္ဂလိပ်အမည်ကို Star Fruit ဟု ခေါ်ဆိုကြသကဲ့သို့ Five Corner Fruit ဟုလည်း ခေါ်ကြ၏။ ရုက္ခဗေဒအမည်မှာ Averrhoa carambola ဟုလည်း ခေါ်ဆိုကာ မျိုးရင်း Oxalidaceae တွင်ပါဝင်၏။ စောင်းလျားပင်သည် အရှေ့တောင်အာရှနိုင်ငံများ အထူးသဖြင့် မလေးရှား၊ အင်ဒိုနီးရှားနှင့် အရှေ့တောင် တရုတ်ဒေသများမှ သဘာဝအလျောက် စတင်ဖြစ်ထွန်းပေါက်ရောက်၏။ ထို့နောက် ဩစတြေးလျကုန်သည်များက အိန္ဒိယ တိုက်ငယ်နှင့် သီရိလင်္ကာနိုင်ငံတို့ဆီသို့ အခြားသော အရှေ့တောင်အာရှဒေသထွက် သစ်သီးများနှင့်အတူ မိတ်ဆက်သယ်ဆောင်ခြင်းဖြင့် ပျံ့နှံ့လာခဲ့၏။ ယခုနောက်ပိုင်းတွင် စောင်းလျားသီးကို ကမ္ဘာပေါ်ရှိ အပူပိုင်းနှင့် သမပိုင်းဒေသရှိ နိုင်ငံများဖြစ်သည့် အိန္ဒိယ၊ အရှေ့တောင်အာရှနိုင်ငံများ၊ တရုတ်နိုင်ငံတောင်ပိုင်း၊ ထိုင်ဝမ်နှင့် အမေရိကန်ပြည်ထောင်စု တောင်ပိုင်းတို့တွင် စီးပွားဖြစ်စိုက်ပျိုးလာကြ၏။

စောင်းလျားပင်သည် ကြီးထွားမှုနှေးသော အမြဲစိမ်းအပင်ငယ်မျိုးဖြစ်ပြီး အကိုင်းအခက်များစွာဖြင့် ချုံပင်မျိုး ဖြစ်၏။ အရွက်များသည် ရွက်ခြားထွက်ပြီး ပန်းပွင့်များမှာ သေးငယ်ပြီး ပန်းခရမ်းရောင်ရှိကာ စီစီရီရီပွင့်တတ်၏။ အသီးစိမ်းမှာ အစိမ်းနုရောင်ဖြစ်ပြီး မှည့်လာသည့်အခါ ပယင်းဝါရောင်အဖြစ် ပြောင်းလဲသွား၏။ အသီးတွင် ထောင့် ငါးထောင့်ပါရှိပြီး ကန့်လန့်လှီးလိုက်ပါက ကြယ်ပုံသဏ္ဍာန်ထွက်ပေါ်လာသည့်အတွက် Star Fruit ဟု တင်စား ခေါ်ဝေါ် ခြင်းဖြစ်၏။



စောင်းလျားပင်၏ အရွက်နု၊ ပန်းပွင့်နှင့် အသီးတို့ကို ဟင်းသီး



ကြေးမုံငယ်

ဟင်းရွက်နှင့် သစ်သီးအဖြစ် စားသုံးတတ်ကြ၏။

စောင်းလျားစေ့ကိုအခြောက်ခံ၊ အမှုန့်ကြိတ်ပြီးနောက် ဆေးဝါးအဖြစ် ဖော်စပ်အသုံးပြုကြ၏။ စောင်းလျားသီးသည် ကယ်လိုရီပါဝင်မှုနည်းပါးသောအသီးမျိုးဖြစ်ပြီး ဗီတာမင်စီ အရင်းအမြစ်ကောင်းဖြစ်၏။ အသီးအလေးချိန် ၁၀၀ ဂရမ်နီးပါးရှိသော စောင်းလျားသီးတွင် အစာစွမ်းအင် ၂၈ ကယ်လိုရီ၊ ကာဘိုဟိုက်ဒရိတ်၊



အမျှင်ဓာတ်၊ ပရိုတင်း၊ အမျှင် ဓာတ်၊ ဗီတာမင်စီ၊ ပရိုတင်းဓာတ်၊ ဗီတာမင်စီ၊ ကော့ပါးနှင့် ပိုတက်စီယမ်တို့ ကြွယ်ဝစွာပါဝင်၏။

**ကိုယ်လက်ရောင်ရမ်းနာကျင်ခြင်းမှ သက်သာစေခြင်း** - စောင်းလျားသီးတွင် ဓာတ်တိုးဆန့်ကျင်ပစ္စည်းများကြွယ်ဝစွာ ပါဝင်ခြင်းကြောင့် ခန္ဓာကိုယ်လက်ရောင်ရမ်းနာကျင်ခြင်းကို ဆန့်ကျင်နိုင်စွမ်းရှိပြီး ကြမ်းထော်သည့်အနီပိမ့်များ ထွက်တတ်သည့် အရေပြားရောဂါများနှင့် အရေပြားနီပြီး ရောင်အမ်းနာကျင်ခြင်း အစရှိသည့် ဝေဒနာများကို သက်သာစေနိုင်စွမ်းရှိ၏။ ထို့အပြင် အရေပြားပေါ်ရှိ ဆဲလ်သေများကို ဖယ်ရှားပေးနိုင်ခြင်း၊ ခန္ဓာကိုယ်အတွက် ဘေးဥပဒ်ဖြစ်စေသော free radicals များထွက်ခြင်းမှလည်း ဟန့်တားပေးနိုင်စွမ်းရှိ၏။

**ကိုယ်အလေးချိန်လျော့ကျစေခြင်း** - စောင်းလျားသီးတွင်ပါဝင်သည့် အမျှင်ဓာတ်သည့် ခန္ဓာကိုယ်၏ဇီဝကမ္မဖြစ်စဉ်ကို မြှင့်တင်ပေးနိုင်စွမ်းရှိခြင်းကြောင့် ဆာလောင်မွတ်သိပ်မှုကို ခံနိုင်ရည်ရှိပြီး အစာစားသည့် ပမာဏကိုလည်း လျော့နည်းစေနိုင်သည့်အတွက် ခန္ဓာကိုယ် အလေးချိန် လျော့ချလိုသူများအတွက် သင့်လျော်လှပေ၏။

**ကိုယ်ခံစွမ်းအားကောင်းမွန်စေခြင်း** - ဗီတာမင်စီသည် ကိုယ်ခံစွမ်းအားကို ကြံ့ခိုင်စေနိုင်သည့်ဂုဏ်သတ္တိရှိခြင်းကြောင့် စောင်းလျားသီးကို စားသုံးပေး ခြင်းဖြင့် ခန္ဓာကိုယ်တွင်းဝင်ရောက်လာမည့်ရောဂါပိုးမွှားများကို တိုက်ထုတ်ပေးနိုင်သည့် သွေးဖြူဥများ ဖြစ်ထွန်းမှုကို အထောက်အကူပြုစေပြီး ကျန်းမာကြံ့ခိုင်သော ကိုယ်ခံစွမ်းအားစနစ်ကို ပိုင်ဆိုင်စေ၏။

**နှလုံးကျန်းမာရေးကို အထောက်အကူပြုစေခြင်း** - နှလုံးကျန်းမာရေးအတွက် အဓိကသော့ချက်သည် သွေးဖိအား ပုံမှန်အနေအထားရှိရန် လိုအပ်၏။ စောင်းလျားသီးတွင် ပိုတက်စီယမ်ဓာတ်ကြွယ်ဝစွာပါဝင်ပြီး သွေးဖိအားကို ပုံမှန်ဖြစ်စေရန် အထောက်အကူပြုသည့်အပြင် ရုတ်တရက်နှလုံးဖောက်ခြင်းနှင့် လေဖြတ်ခြင်းဝေဒနာတို့ကို သက်သာ စေနိုင်စွမ်းရှိ၏။

**ဆီးချိုရောဂါကို ထိန်းပေးနိုင်ခြင်း** - စောင်းလျားသီးကို ပုံမှန်စားသုံးပေးခြင်းဖြင့် သွေးအတွင်းရှိ သကြားဓာတ်ပါဝင်မှု ပမာဏ ပုံမှန်ဖြစ်စေရန် အထောက်အကူပြုစေပြီး ဆီးချိုရောဂါဖြစ်ခြင်းမှ ထိန်းပေးနိုင်၏။

**ကိုလက်စထရောကို ကျစေခြင်း** - စောင်းလျားသီးသည် သွေးအတွင်းရှိ မကောင်းသော ကိုလက်စထရောပမာဏကို ကျဆင်းစေရန် အထောက်အကူပြုနိုင်ခြင်းကြောင့် နှလုံးသွေးကြောဆိုင်ရာရောဂါများ ဖြစ်ပွားနိုင်ခြေကို လျော့နည်းစေ နိုင်၏။

**ကင်ဆာရောဂါကို ဟန့်တားနိုင်ခြင်း** - စောင်းလျားသီးမှထုတ်ယူရရှိသည့်အဆီအနှစ်သည် ကင်ဆာရောဂါကို ဆန့်ကျင်နိုင်စွမ်းရှိသည်ဟု လေ့လာမှုများအရ ဖော်ပြထား၏။

**အစာခြေစနစ်ကို အားကောင်းစေခြင်း** - အမျှင်ဓာတ်ကြွယ်ဝစွာပါဝင်သည့် စောင်းလျားသီးသည် အစာခြေဖျက်ခြင်းကို အားကောင်းစေသည့်အပြင် အစာခြေ လမ်းကြောင်းတစ်



လျှောက်ရှိ အညစ်အကြေးများကို ဖယ်ရှားပေးနိုင်စွမ်းရှိခြင်း ကြောင့် ဝမ်းချုပ်ခြင်း၊ လေပွခြင်း၊ ကြွက်တက်ခြင်း၊ ဝမ်းပျက်ဝမ်းလျှောဖြစ်ခြင်း အစရှိသည့် ဝေဒနာများမှ သက်သာစေနိုင်စွမ်းရှိ၏။

- စောင်းလျားအရွက်နုနှင့် အပွင့်တို့မှာ အနည်းငယ်ချဉ်သော အရသာ ရှိပြီး အစိမ်းအတိုင်း တို့စရာအဖြစ် စားသုံးနိုင်သကဲ့သို့ အသုပ်၊ ချဉ်ရည်ဟင်းချက်ရာတွင်လည်း ထည့်သွင်းချက်ပြုတ် စားသုံးနိုင်၏။
- စောင်းလျားသီးအမှည့်၏ အခွံမှာ တောက်ပြောင်သော ပယင်းဝါရောင်ရှိပြီး အသီး၏အခွံကိုနှင့် အစေ့ကိုပါ စားသုံးနိုင်၏။ အသီးအရသာမှာ အနည်းငယ် ချိုချဉ်ဖြစ်သည့်အတွက် သဘာဝအတိုင်းသစ်သီးအဖြစ် စား

စာ-၁၅ သို့

ကျောဖုံးမှ-

လေ့ရှိသည်။ ရေထိန်းတံခါး များသည် မြစ်ရေကြီးချိန် မြစ်ရေများ ဝင်ရောက်ခြင်း မပြုနိုင်စေရန်၊ ပင်လယ်ရေတက်ချိန် ပင်လယ် ရေများဝင်ရောက်ဖုံးလွှမ်းခြင်းများမဖြစ်ပေါ်စေရန် ရေတံခါးချပ်များဖြင့် တားဆီးပေးပြီး၊ ပင်လယ် ရေကျ ချိန်တွင် ပိုလျှံမိုးရေများ ပင်လယ်အတွင်းသို့ လျှော့ချထုတ်နုတ်နိုင်စေရန် တဖက်ပွင့် ရေတံခါးချပ်များကို ရေထုတ်နုတ်မည့် ပင်လယ်ဘက်တွင် တပ်ဆင်ထားလေ့ရှိသည်။ အတင်/အချပြုလုပ်နိုင်သော ရေတံခါး ချပ်များကိုရေတံခါး၏အတွင်းဘက် (စိုက်ပျိုးနေသည့်ဘက်) တွင် တပ်ဆင်လေ့ရှိသည်။ အဆိုပါ အတင်အချ ရေတံခါးများအား မိုးရာသီတွင် ရေထုတ်နိုင်ရန် မိုးရာသီ တစ်ခုလုံး ဖွင့်ထားပြီး မိုးကုန်မှသာ (နွေရာသီရောက်မှသာ) ရေချိုသိုလှောင်နိုင်စေရန်အတွက် ပြန်လည် ပိတ်ထား လေ့ရှိသည်။ အတင်အချ အဖွင့်အပိတ်ကို လိုအပ်သလိုထိန်းညှိဆောင်ရွက်နိုင်သည်ဖြစ်ရာတောင်သူများအတွက် ရေသွင်း/ ရေထုတ် သေချာစေသော ရေထိန်းတံခါးကြီးများဖြစ်သည်။

ရေထိန်းတံခါးများ မတည်ဆောက်ထားပါက မိုးချိုး/နွေပိတ်ဟု တောင်သူများခေါ်ဝေါ်သည့် ချောင်းပိတ်တမံများကို နှစ်စဉ်ပြုလုပ်ကြရသည်။ တောင်သူများသည် မိမိတို့စိုက်ပျိုးရေယူမည့် ချောင်းကို နွေရာသီရေငန်မဝင်မီ အမြန်ပိတ်ဖို့ရမည်ဖြစ်သည်။ သို့မှသာ ရေငန်ဝင်ရောက်မှုမှ ကာကွယ် တားဆီးနိုင်မည်ဖြစ်သည်။ အဆိုပါချောင်းပိတ်ကို မိုးမကျမီတွင် ပြန်၍ ချိုးဖျက်ပစ်မှသာ မိုးရာသီတွင် မိုးရေများ လျှော့ချထုတ်နုတ်နိုင်မည် ဖြစ်သည်။ မိုးရာသီမတိုင်မီ ချောင်းပိတ်ကို ပြန်မချိုးဖျက်ပစ်ပါက ရေထုတ်နုတ်မှုမရှိဘဲ လယ်ယာမြေများ ရေကြီးနစ်မြုပ်ပျက်စီးမည်ဖြစ်သည်။ သို့ဖြစ်ရာ တောင်သူများအဖို့ နွေသီးထပ်စိုက်ပျိုးနိုင်ရန်အတွက် နှစ်စဉ်ကြီးမားသော ကုန်ကျစရိတ်များ ကျခံဆောင်ရွက်ရလျက် ရှိပြီး၊ ချောင်းပိတ်များ၏ ကြံ့ခိုင်မှု အားနည်းခြင်း၊ ကျိုးပေါက်တတ်ခြင်း၊ ရေကျော်ဝင်ရောက်တတ်ခြင်း စသော မသေချာမရေရာမှုများကြောင့် အနည်းငယ်သာ စိုက်ပျိုးကြသည့် အပြင် နှစ်စဉ်လည်း ဆုံးရှုံးမှုများ မကြာခဏ ကြုံရလေ့ရှိသည်။ ထို့အပြင် မိုးချိုး/နွေပိတ် ချောင်းပိတ်များ ပြုလုပ်ရန် မြေကြီး အများအပြားလိုအပ်ပြီး မြေယူရန် ခက်ခဲသော ဖို့မြေရှားပါးခြင်း ဒုက္ခများကိုလည်း နှစ်စဉ် ကြုံတွေ့ရလေ့ရှိသည်။ ရေထိန်းတံခါများ တည်ဆောက်ခြင်းဖြင့် တောင်သူများအတွက် နွေသီးထပ် စိုက်ပျိုးရေသေချာ စေသည့်အပြင် နှစ်စဉ်ကျခံနေရသော ကုန်ကျစရိတ်များ သက်သာခြင်း၊ မြေကြီးရှာရသည့် ဒုက္ခများကင်းဝေးပြီး ပုံမှန်ထက်ပိုမို၍ စိုက်ပျိုးလာနိုင်သည်ကို တွေ့မြင်ရမည်ဖြစ်သည်။ ရေထိန်းတံခါးများသည် ရေတံခါးချပ်များဖြင့် ရေငန်တားခြင်း၊ ရေချိုအလေအလွင့်မဖြစ်စေရန် အောင်ရေထိန်းခြင်း စသည်များကို ဆောင်ရွက်ရသည်ဖြစ်ရာ ရေတံခါးရွက်များကောင်းမွန်စေရန်နှင့် ရေတံခါး အတင်အချ စနစ်များ၊ ရေဝင်-ရေထွက်လမ်းကြောင်းများ ကောင်းမွန်စေရန် အလေးထား ပြုပြင်ထိန်းသိမ်း ဆောင်ရွက်လျက်ရှိသည်။

e-Paper ကို
agribiznews.com.mm
တွင်ဖတ်ရှုနိုင်ပါသည်

## ရေယာဉ် အဝင်-အထွက် ရေတံခါးများ

ရေတံခါးများ တည်ဆောက်ခြင်းဖြင့် အထက်ဖော်ပြပါ ကောင်းကျိုးများစွာ ရရှိနိုင် သော်လည်း တဖက်တွင်မူ မြစ်ကြောင်းများအတွင်း ရေကြောင်း သွားလာရေးကို ထိခိုက်မှု ဖြစ်ပေါ် လာနိုင်သည်ဖြစ်ရာ ရေယာဉ် အဝင်-အထွက် ရေတံခါးများကိုပါ ရေတံခါးများအနီးတွင် တွဲလျက်တည် ဆောက်လေ့ရှိသည်။ ဒီရေအတက်-အကျ ဖြစ်ပေါ်သော နေရာများတွင် ရေတံခါးများ တည်ဆောက်လေ့ရှိရာ ရေတံခါး၏ အတွင်းရှိ ရေအမြင့်နှင့် ရေတံခါး၏ အပြင်ရှိ ပင်လယ်ရေအမြင့်ကို တူညီစွာ ထိန်းညှိနိုင်ရန် ရေညှိကန်ကို တည်ဆောက်ပေးလေ့ရှိသည်။ ရေလမ်းခရီးအသုံးများသော ဒေသများတွင် ရေတံခါးများ တည်ဆောက်ရမည်ဆိုပါက ရေယာဉ်သွားလာမှုများ အပေါ် စနစ်တကျ ဆန်းစစ်၍ လိုအပ်သော ရေညှိကန်အကျယ်အဝန်းနှင့် လေ့လမ်းအရွယ်အစားကို သက်မှတ်တည်ဆောက်လေ့ရှိ သည်။ ရေယာဉ် အဝင်-အထွက် ရေတံခါးများရှိခြင်းဖြင့် ရေတံခါးများ တည်ဆောက်ခြင်းကြောင့် ရေလမ်းသွားလာမှုကို အဟန့်အတား ဖြစ်ပေါ်နိုင်ခြင်း မရှိသည်ကို တွေ့ရသည်ဖြစ်ရာ ဒေသနေတောင်သူများအတွက် သီးနှံများ တိုးတက်စိုက်ပျိုးနိုင်သည့်အပြင် ရေလမ်းဖြင့် ကုန်ထုတ်မှုတွင်လည်း အဆင်ပြေလျက်ရှိသည်။ ရေယာဉ် အဝင်အထွက် ရေတံခါးများတွင် ရေတံခါးချပ်များဖြင့် ရေထိန်းညှိရသည်ဖြစ်ရာ ရေတံခါးချပ်များ ကောင်းမွန်စေရေး အစဉ်ဂရုစိုက် ဆောင်ရွက်လျက်ရှိသည်။

ဖော်ပြပါ ရေတံခါးများဖြင့် တန်ဖိုးရှိလှသော ရေချိုအရင်းအမြစ်များကို စနစ်တကျ ထုတ်ယူသုံးစွဲလျက်ရှိသည့်အပြင်တောင်သူများ၏ အကျိုးစီးပွားကိုလည်း မြှင့်တင်ပေးလျက်ရှိသည်ကို တွေ့ရမည်ဖြစ်သည်။ တောင်သူများဘက်မှလည်း ရေသွင်း-ရေထုတ်ရေတံခါးများနှင့် ရေထိန်းတံခါးများ အပေါ် ပြန်လည်၍ မိမိတို့တတ်နိုင်သည့်ဘက်မှ ကာကွယ် စောင့်ရှောက်ပေးရမည်ဖြစ်သည်။ ရေတံခါး အနီး ငါးဖမ်းခြင်း၊ ဒိုက်ဇေဒါများချခြင်း၊ ခြုံချငါးဖမ်းခြင်း၊ ရေတံခါးရွက်များ လှန်ဖွင့်၍ ရေစိမ်းထိုးခြင်း (ပိုက်ထောင်ခြင်း) စသော တရားမဝင် ခွင့်ပြုထားခြင်းမရှိသည့် တောင်သူအကျိုး၊ နိုင်ငံ့အကျိုးကို ထိခိုက်စေနိုင်သော အပြုအမူများကို ရှောင်ရှားရမည့်အပြင် တပါးသူဆောင်ရွက်နေသည်များကို တွေ့မြင်ရပါကလည်း တားမြစ်ရမည်၊ သက်ဆိုင်ရာသို့ အသိပေးအကြောင်းကြားခြင်းဖြင့် ပူးပေါင်းကူညီဆောင်ရွက်ရမည်ဖြစ်သည်။ ထို့အပြင် ရေတံခါး နယ်နိမိတ်များအတွင်း ကျူးကျော်နေထိုင်ခြင်းနှင့် ရေတံခါး အဝင်အထွက်လမ်းကြောင်းများကို အတားအဆီး ဖြစ်စေသော အပြုအမူများကို ရှောင်ရှားရမည့်အပြင် တွေ့ရှိပါကလည်း ရေတံခါး ရေရှည်တည်တံ့ရေးအတွက် ကူညီပေးရမည်ဖြစ်သည်။

နိဂုံးချုပ်အားဖြင့် တောင်သူများနှင့် နိုင်ငံတော်အတွက် အကျိုးကျေးဇူးကြီးမားသော ရေတံခါးများ ကာလသက်တမ်း ကြာရှည်စွာ ရေသွင်းရေထုတ်လုပ်ငန်းများ လုပ်ဆောင်နိုင်စေရေး အတွက် နိုင်ငံတော် တစ်ခုတည်းတွင်တာဝန်ရှိသည်ဟု မှတ်ယူခြင်း မပြုဘဲ တောင်သူများဘက်မှလည်း ပူးပေါင်းဆောင်ရွက်ပေးခြင်းဖြင့် ဒေသနေတောင်သူများအတွက် ရေရှည်တည်တံ့သောဖွံ့ဖြိုးတိုးတက်မှုကို ရရှိနိုင်မည်ဖြစ်ပါကြောင်း ဒေသ၏ လူမှုစီးပွားရေးများ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ရေးသားလိုက်ရပါသည်။

ကိုဇေယျာ

စာ-၁၄ မှ

သုံးနိုင်သကဲ့သို့ ဟင်းလျာများ အဖြစ်လည်း ပြင်ဆင်ချက်ပြုတ်ပြီး စားသုံးနိုင်၏။

- စောင်းလျားသီးမှည့်ကို မထူမပါးလှီးပြီးနောက် ပါးပါးလှီးထားသော ကြက်သွန်နီ၊ ဆား၊ မီးဖုတ်ထားသော ငါးပိစိမ်းစားအနည်းငယ်၊ ဟင်းခပ်မှုန့်အနည်းငယ်၊ ပုစွန်ခြောက်မှုန့်၊ ပဲကျက်မှုန့်၊ မြေပဲဆံထောင်း၊ ကြက်သွန်နီဆီချက်၊ ငရုတ်သီးအလှော်ထောင်းတို့နှင့် သမအောင် ရောနယ်ပေးပါ။ အနံ့အရသာနှင့် ပြည့်စုံပြီး ဆေးဖက်ဝင်လှသည့် ချိုချဉ်ငံစပ်အရသာဖြင့် စောင်းလျားသီးသုပ်လေးရပါပြီ။ ဗူးသီးဟင်းခါးပူပူလေး၊ ထမင်းဖြူလေးနှင့် တွဲဖက်ပြီး စားသုံးလျှင်ဖြင့် အလွန်ပင်ထမင်းမြိန်လှ၏။

- စောင်းလျားသီးကို လက်ဖက်နှင့် နှပ်ပြီးစားသုံးကြသကဲ့သို့ အခြားသော အသီးများနှင့် ရောပြီးလျှင် သီး



စုံအချဉ်ပေါင်း လည်းလုပ်စားကြ၏။ စောင်းလျားသီးကို သကြား၊ ထန်းလျက်တို့နှင့်ယိုထိုးပြီးလည်း စားသုံးကြ၏။

- စောင်းလျားသီးနှင့် ငါးပြေမကို ဟင်းချက်စားလျှင် ဆီးချိုရောဂါကို ထိန်းပေးနိုင်သည်ဟု ဆိုကြ၏။

- စောင်းလျားသီးကို ပါးပါးလှီး၊ သကြားရည်တစ်ရက်ကြာစိမ်နှပ်ပြီး တစ်ရက်အကြာတွင် အသီးဖတ် ဆယ်စားလျှင် အလွန်အရသာရှိလှ၏။ ရ က် အ န ည်း င ယ် ကြာ ကြာ ထားလိုက်ပါက စောင်းလျားသီးဝိုင်အဖြစ် ဆေးဖက်ဝင် သောက်သုံးနိုင်၏။

သဘာဝတရားမှပေးသည့် လက်ဆောင်မွန် စောင်းလျားပင်မှ ရရှိသည့် အစိတ်အပိုင်းများကို အမြတ်တနိုး တန်ဖိုးထားပြီး ရာသီချိန်ခါနှင့်အညီ ဒေသအလိုက် မတူညီကွဲပြားသည့် ချက်ပြုတ်နည်းမျိုးစုံဖြင့် ပြင်ဆင်စားသုံးခြင်းဖြင့် ကုန်ကျစရိတ် သက်သာစေပြီး ကျန်းမာရေး အကျိုးကျေးဇူးကောင်းများကို ရရှိနိုင်မည်ဖြစ်၏။ ထို့အပြင် မိမိတို့နိုင်ငံအတွက် ဂေဟာစနစ်ကောင်းမွန်စေရေး၊ ဇီဝမျိုးစုံမျိုးကွဲကြွယ်ဝမှုများကို ထိန်းသိမ်းရေးနှင့် ရိုးရာယဉ်ကျေးမှုဓလေ့ထုံးတမ်းများနှင့်အညီ ထိန်းသိမ်းနိုင်စေမည် ဖြစ်၏။

ကြေးမုံငယ်



# တောင်သူများ၏ အလင်းတံခါးများ

ကိုဇေယျာ


ပင်လယ်ရေငန်ကာကွယ်ခြင်း၊ ရေချိုသိုလှောင်ခြင်း နှင့် မိုးရာသီ ရေထုတ်နုတ်ခြင်းများကို ဆောင်ရွက်ပေးလျက်ရှိသော ဖျာပုံမြို့နယ် တောင်သူအကျိုးပြု အောက္ကဘာရေထိန်းတံခါး ကိုတွေ့မြင်ရပုံ

ရေ ဘုံဘိုင်မှ ရေများ ပွင့်ကျနေသည်ကို တွေ့လျှင် ပြေး၍ ပိတ်ကြသည်ကို ကြုံဖူးကြမည် ဖြစ်သည်။ ရေများ အလဟဿ ဆုံးရှုံးနေသည်ကို နှမြော၍ ဖြစ်သည်။ ရေဘားများ မလုံ၍၊ ရေပိုက်များ မလုံ၍ ရေများ စိမ့်ထွက် ပေါက်ထွက် နေသည်ကို တွေ့လျှင်လည်း ပြုပြင်လေ့ရှိကြသည်။ အကြောင်းမှာ အသုံးပြုရမည့် ရေများ အသုံးမပြုလိုက်ရဘဲ ဆုံးရှုံးသွားမည်ကို နှမြောခြင်းနှင့် ရေလိုအပ်သည့်အချိန်တွင် အသုံးပြုရန် မရနိုင်တော့ခြင်းတို့ကြောင့်ဖြစ်သည်။ ယခုနမူနာပြသော ရေဆုံးရှုံးမှုသည် အနည်းငယ်မျှသော ဆုံးရှုံးမှုပင်ဖြစ်သည်။ ဧရာဝတီမြစ်သည် ပင်လယ်နှင့်ထိစပ်သော ဧရာဝတီတိုင်းဒေသကြီးအတွက် ကြီးမားသော ရေချိုအရင်းအမြစ်ဖြစ်ပြီး ပင်လယ်တွင်းသို့ မြစ်ခွဲပေါင်းများစွာဖြင့် စီးဝင်လျက်ရှိရာ အဆိုပါ ရေချိုများအား အသုံးမပြုနိုင်ဘဲ (သို့မဟုတ်) အသုံးမပြုလိုက်ရဘဲ ဆုံးရှုံးသွားခဲ့ပါလျှင် မည်မျှ နှမြောစရာကောင်းမည်ကို တွေးမိစေရန်ဖြစ်သည်။ သို့ဖြစ်ရာ တန်ဖိုးရှိသော ရေချိုများ အလေအလွင့် မရှိစေရေး၊ ရေချိုများ ရယူအသုံးချနိုင်စေရေး၊ ရေချိုအရင်းအမြစ်များ စနစ်တကျ ထိရောက်စွာ ကိုင်တွယ်နိုင်စေရေးစသော ရေစီမံခန့်ခွဲမှုများ အရေးကြီးလျက်ရှိပြီး အဆိုပါ ရေစီမံခန့်ခွဲမှု လုပ်ငန်းများအတွက်အရေးကြီးသောအချက်တစ်ခုမှာ ရေတံခါးများ တည်ဆောက် ခြင်းနှင့် စနစ်တကျ ထိန်းသိမ်းလည်ပတ်ခြင်းပင်ဖြစ်ပါသည်။

မျိုး၊ မြေ၊ ရေ၊ နည်း ဟူသော စိုက်ပျိုးထုတ်လုပ်ရေး အတွက် အရေးကြီးသည့် စနစ်များ ကို ပီပြင်စွာ အကောင်အထည်ဖော်နိုင်ရန် ရေစီမံခန့်ခွဲမှုလုပ်ငန်းများသည် အဓိက အခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။ မှန်ကန်သည့်မြေပေါ်တွင် အောင်မြင်ဖြစ်ထွန်းမည့် မျိုးအား နည်းစနစ်မှန်ကန်စွာ စိုက်ပျိုးရာတွင် လိုအပ်သော ရေကို လိုအပ်သော အချိန်တွင် လိုအပ်သော ပမာဏအတိုင်း အချိုးညီစွာသွင်းယူပေးရန်မှာ အရေးကြီးလျက်ရှိသည်။ ထိုသို့ တောင်သူများ၏ ရည်မှန်းချက် လိုအပ်ချက်များ ပြည့်မီစေရန်အတွက်အရေးကြီးသော ရေစီမံခန့်ခွဲမှုများဆောင်ရွက်နိုင်ရန်ရေတံခါးများ တည်ဆောက်ပေးလျက် ရှိသည်။ ရေတံခါးများ တည်ဆောက်ရာတွင် တည်ဆောက်သည့် ရည်ရွယ်ချက်ပေါ်မူတည်၍ ရေသွင်း ရေတံခါး၊ ရေထုတ် ရေတံခါး၊ ရေသွင်းရေထုတ်လိုသလို ထိန်းညှိဆောင်ရွက်နိုင်သော ရေထိန်း ရေတံခါး၊စက်လှေရေယာဉ်မော်တော်များ ဆက်သွယ်သွားလာနိုင်ရန် ရေယာဉ်အဝင်/အထွက် ရေတံခါး စသည် ဖြင့်ရှိပြီး စိုက်ပျိုးထုတ်လုပ်မှု တိုးတက်စေရန်၊ မြို့ပြစနစ်ဖွံ့ဖြိုးစေရန်၊ စက်မှုလုပ်ငန်းများ လည်ပတ်နိုင်စေရန်၊ သဘာပတ်ဝန်းကျင် ထိန်းသိမ်းရန်နှင့် ရေကြီးမှု သဘာဝဘေးကာကွယ်ရန်စသော ဒေသ၏ အခြေခံလိုအပ်ချက်အခြေအနေများ ပေါ်မူတည်၍ တည်ဆောက်ပေး လျက်ရှိသည်။ အဆိုပါ ရေတံခါးများ အနက် တောင်သူများ၏ အကျိုးစီးပွားကို တိုက်ရိုက် အကျိုးပြုလျက် ရှိသော ရေတံခါးအချို့ကို နားလည်လွယ်စေရန် ကောက်နုတ်တင်ပြပါမည်။

### ရေသွင်းရေတံခါးများ

တန်ဖိုးရှိလှသော ရေချိုများ ပင်လယ်အတွင်းသို့ စီးဝင်၍ ဆုံးရှုံးမှုများ နည်းနိုင်သမျှနည်းစေရန်အတွက် ရေချို လိုအပ်သောနေရာများသို့ ပို့ဆောင်ပေးနိုင်ရန် ရေချိုသွင်း ရေတံခါးများကို တည်ဆောက်ပေးလျက်ရှိသည်။ ရေချိုသွင်း ရေတံခါးများ တည်ဆောက်ထားခြင်း မရှိပါက ရေချိုများ အနီးဝန်းကျင်တွင် ရှိနေသည့်တိုင် အသုံးပြု၍ မရနိုင်ပေ။ ရေချိုဝင်သည့် နေရာများရှိပါကလည်း ရေမြင့်ချိန်တွင် ရေချိုများ ဝင်လာပြီး ရေနည်းချိန်တွင် မြစ်ချောင်းများအတိုင်း ပြန်ထွက်သွားမည်ဖြစ်သည်။ အချို့နေရာများတွင် ရေချိုကို ရယူနိုင်ရန် လမ်းတာများတွင် ပြွန်ငယ်လေးများဖောက်၍ရေချို အနည်းငယ်မျှကိုပင် ခက်ခက်ခဲခဲယူနေကြရပြီး၊ အချို့နေရာများတွင် ကားလမ်းတာများကို ယာယီချိုးဖွင့်၍ (ယာယီအုန်းတုံးတံတားများထိုး၍) ရေချိုကိုခက်ခက်ခဲခဲ ရယူစိုက်ပျိုးနေကြရသည်။ ရေချိုသွင်းရေတံခါးများ တည်ဆောက်ပေးခြင်းဖြင့် တောင်သူများ၏နှစ်စဉ်ကုန်ကျစရိတ်များ များစွာသက်သာသွားပြီး၊ လိုလောက်သော ရေချိုကို လွယ်ကူသေချာစွာ ရရှိနိုင်ပြီဖြစ်သည်။ တောင်သူများအတွက်အသက်တမျှ အရေးကြီးလှသော ရေသွင်းရေတံခါးများဖြစ်သည်။ ရေသွင်းရေတံခါးများသည် လိုသလိုလှည့်တင်လှည့်ချနိုင်သော ရေတံခါး ရွက်များတပ်ဆင်ထားပြီး လိုအပ်သော ပမာဏကို လိုအပ်သောအချိန်တွင် သွင်းယူနိုင်စေရန် စီစဉ်ထားခြင်းဖြစ်ရာ ရေတံခါးရွက်အတင်အချစနစ်များ ကောင်းမွန်စေရန်နှင့် ရေယူရာလမ်းကြောင်းများ ရှင်းလင်း ကောင်းမွန်စေရန်ကို အလေးထား ပြုပြင်ထိန်းသိမ်းလျက်ရှိသည်။

### ရေထုတ်ရေတံခါးများ

မိုးရာသီအတွင်း မိုးရွာသွန်းမှုများပြားခြင်းကြောင့် ရေကြီးနစ်မြုပ်မှုများ မဖြစ်ပေါ်စေရန် အတွက် ရေထုတ်ရေတံခါးများကို တည်ဆောက်လေ့ရှိသည်။ အထူးသဖြင့် ရေတက်/ရေကျ ဖြစ်ပေါ်သော မြစ်ဝကျွန်းပေါ်ဒေသများနှင့် ကမ်းရိုးတန်း ဆက်စပ်ဒေသများတွင် တည်ဆောက်လေ့ရှိသည်။ ရေထုတ် ရေတံခါးများ တည်ဆောက်ထားခြင်း မရှိပါက မိုးများစွာ ရွာသွန်းချိန်တွင် မိုးရေများ စိုက်ခင်းများအပေါ် တက်ရောက်ဖုံးလွှမ်းပြီး၊ အဆိုပါ မိုးရေများ ပင်လယ်အတွင်းသို့ စီးဆင်းခြင်း မပြုနိုင်ဘဲ တစ်ရက် ၂ ကြိမ် တက်ရောက်သော ပင်လယ်ဒီရေများ စိုက်ခင်းများအတွင်း ထပ်မံ ဝင်ရောက်လာခြင်းဖြင့် စိုက်ပျိုး သီးနှံများ ရေနစ်မြုပ်ပျက်စီးဆုံးရှုံးရလျက်ရှိသည်။ ရေထုတ်ရေတံခါးများ တည်ဆောက်ခြင်းဖြင့် ပင်လယ်ရေ မဝင်ရောက်စေရန် တားဆီးပြီး ပင်လယ်ရေကျချိန်တွင် ပိုလျှံသော မိုးရေများ ပင်လယ် အတွင်းသို့ လျင်မြန်စွာ ထုတ်နုတ်ပေးလျက်ရှိရာ မိုးစပါးစိုက် တောင်သူများအတွက် အရေးကြီးသော အားထားရာ ရေထုတ်ရေတံခါးများ ဖြစ်သည်။ ရေထုတ်ရေတံခါးများတွင် ရေတံခါးရွက်များ ကောင်းမွန် စေရန်နှင့် ရေထုတ်နုတ်ရာ ရေလမ်းကြောင်းများ ကောင်းမွန်စေရန်ကို အလေးထား ပြုပြင်ထိန်းသိမ်း လျက်ရှိသည်။

### ရေထိန်းရေတံခါးများ

နွေစပါး ရေချိုသွင်းခြင်း၊ မိုးရာသီ ပိုလျှံမိုးရေများ လျှော့ချထုတ်နုတ်ခြင်း စသည်တို့အပြင် ရေတံခါးအတွင်းရှိ ရေချိုများ လေလွင့်ဆုံးရှုံးမှု မရှိစေရန် ရေချိုထိန်းခြင်း (အောင်ရေထိန်းခြင်း) စသည့် ရေစီမံခန့်ခွဲမှုများလုပ်ဆောင်နိုင်ရန် ရေထိန်းတံခါးကြီးများကို တည်ဆောက်

စာ-၁၅ သို့